မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၂၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဒမ်ချန်ဒရီကာ ဘန်ဒရာနိုက်ကေးကုမာရာ တွန်ဂါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုစိတ်ဓာတ် ရင့်ကျက်ခိုင်မာရေးသည် အရေးကြီးဆုံး

နိုင်ငံတော်မှာ အရေးကြီးဆုံးဟာ ပြည်ထောင်စုစိတ်ဓာတ် ရင့်ကျက်ခိုင်မာရေးဖြစ်တယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ တိုင်းနဲ့ပြည်နယ် (၁၄)ခုနဲ့ ဖြစ်တည်လျက်ရှိပြီး တိုင်းနဲ့ပြည်နယ်တိုင်းမှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးနွယ်စုအားလုံးဟာ အေးအတူပူအမျှ အတူတကွ နေထိုင်လျက်ရှိကြတယ်။ တိုင်းရင်းသားအားလုံးဟာ တစ်ခုတည်းသော အမိနိုင်ငံတော်ကြီးကို ချစ်ခင်မြတ်နိုး တန်ဖိုးထားကြမှသာ ဉမကွဲ သိုက်မပျက် နေထိုင်နိုင်ကြမှာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ မြွက်ကြားသောမိန့်ခွန်းမှ–

မြန်မာ့အလင်း (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

- ❒ ပြည်ထောင်စုအဓိဋ္ဌာန် (မြင်းမူမောင်နိုင်မိုး၏ကဗျာ (စာ–၃))
- ❒ ကိုလိုနီလက်သစ်ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမား (လှထွဋ်ဦး၏ ကာတွန်း (စာ–၃))
- ❒ ယနေ့ချင်းပြည်နယ်သည် ငြိမ်းချမ်းမြဲငြိမ်းချမ်းလျက်၊ သာယာမြဲသာယာလျက်ရှိသည်။ အောက်ချင်းငှက်ကို အမြတ်တနိုးထားတတ်ကြသော ချင်းတိုင်းရင်းသားများသည် နိုင်ငံတော်၏ သစ္စာကို ထာဝရစောင့်သိရိုသေလျက်။ (ယောနကဘိုးထောင်၏ ဆောင်းပါး (စာ–၇))
- ❒ လူဦးရေငါးသိန်းကျော်သာရှိသော ချင်းပြည်နယ်၏ ပညာရေးကဏ္ဍသည် နိုင်ငံတော်၏ အားပေးမြှင့်တင်မှုနှင့်အတူ အားတက်ဖွယ်ကောင်းလောက်အောင် မြင့်မားတိုးတက်လျက်ရှိသည်။ (သီဟအောင်၏ ဆောင်းပါး (စာ–၈၊ ၁၀))

ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်ရေး ဝိုင်းဝန်းအားပေးကူညီရမည့်အစား အဖျက်သမားအချို့ အမျိုးသားညီလာခံကြီးပျက်ပြားရေး ပုတ်ခတ်စွပ်စွဲ မှန်ကန်သောလုပ်ဆောင်ချက်များ ကုလသမဂ္ဂသို့ရောက်ရှိရေးကြိုးပမ်း

ရန်ကုန် ဖေဖော်ဝါရီ ၃

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဓမ္မာ့ယာသီရိဗိမာန်ခန်းမ၌ ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✡

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

နိုင်ငံတော်၏အနာဂတ် ခေတ်မီတိုးတက်စေရေး စက်မှုကဏ္ဍ မြင့်မားတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်တည်ဆောက်ရာ၌ စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်က အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာ၌ စက်မှုလယ်ယာစနစ် ကျယ်ပြန့်စွာဖြစ်ပေါ်ရေး၊ စက်ရုံသစ်များ တိုးချဲ့တည်ထောင်သွားရေး၊ လက်ရှိစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး၊ စက်မှုဇုန်များ ထိရောက်လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဇုန်အသစ်များ တိုးချဲ့ထူထောင်နိုင်ရေးနှင့် ပုဂ္ဂလိကပိုင် စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် နိုင်ငံတော်က လုပ်ငန်းစဉ်များ ချမှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။

စက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ သမဝါယမပိုင်စက်မှုလုပ်ငန်းများ ဟန်ချက်ညီညီ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များကိုလည်း နိုင်ငံတော်က အားပေးမြှင့်တင် ကူညီပံ့ပိုးပေးလျက်ရှိသည်။

နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေးဟူသော ဦးတည်ချက်တစ်ရပ်ကို နိုင်ငံတော်ကချမှတ်ထားရာ ပြည်တွင်းသယံဇာတ ပစ္စည်းများအပေါ်တွင် အခြေခံသည့် စက်မှုလုပ်ငန်းများ ဖြစ်ထွန်းစေရန် တိုင်းရင်းသားစက်မှုလုပ်ငန်းရှင်များက အလေးထား လုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖေဖော်ဝါရီလ ၁ရက်နေ့က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပသည့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၅)သို့ တက်ရောက်၍ အမှာစကားပြောကြားရာ၌-

> **"စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်နှင့်ယှဉ်ပြီး ထက်မြက်သည့် တွေးခေါ် မှုများဖြင့် စက်မှုကဏ္ဍ၏ ဖွံ့စည်းဖြစ်ပေါ်မှုလမ်းကြောင်းကို မှန်မှန်ကန်ကန် ပုံဖော်ပေးကြရ မည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍကို အကြီးမားဆုံးနှုန်းနှင့် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် နိုင်မှသာ နိုင်ငံတော်၏ အနာဂတ် ခေတ်မီရှင်သန်မည် ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် ဖြစ်ပေါ်တိုးတက်စေရန်အတွက် ပုဂ္ဂလိကအပိုင်းသည် နိုင်ငံတော်နှင့် လက်တွဲ၍ အတတ်ပညာအား၊ တီထွင်ကြံဆမှုအား၊ ဓွဲ၊ လုံ့လ၊ ဝီရိယအား၊ ပူးပေါင်းဆောင်ရွက်မှုအားတို့ဖြင့် နိုင်ငံအတွက် လိုအပ်နေသည့် စက်မှုလုပ်ငန်းများကို လမ်းကြောင်းမှန်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ထူထောင်သွားကြရမည် ဖြစ်သည်။

စက်မှုကဏ္ဍ၌ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းသည် အရွယ်အစားအရ သေးငယ်သော်လည်း အရေအတွက် အနေဖြင့်သော်လည်းကောင်း၊ ထုတ်လုပ်မှုပမာဏ အနေဖြင့်သော်လည်းကောင်း များပြားသည်ကို တွေ့ရသည်။ နိုင်ငံအတွင်းရှိ စက်ရုံအလုပ်ရုံများအနက် ၉၀ ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံများ ဖြစ်သည်။

ထို့ကြောင့် ပုဂ္ဂလိကအငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အရည်အသွေး အဆင့်အတန်းရှိလာစေရန်၊ ခေတ်မီနည်းပညာတိုးချဲ့ သုံးစွဲတတ်စေရန်တို့ကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးမှု လမ်းကြောင်းမှန်ပေါ်သို့ရောက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ပုဂ္ဂလိကစက်မှုလုပ်ငန်းများ တိုးတက်စေရန် ဝိုင်းဝန်းမြှင့်တင်ရာတွင် ဖွဲ့စည်းထူထောင်ပြီးဖြစ်သော ပုဂ္ဂလိက စက်မှုဇုန်များကို အခြေခံ၍ အတတ်ပညာစွမ်းအားနှင့် ငွေကြေးအင်အားအပေါ်မူတည်ပြီး စက်မှုလုပ်ငန်းများ တစ်ပြိုင်တည်းဖွံ့ဖြိုးလာစေရန် လက်တွေ့ကျကျ လုပ်ဆောင်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အနာဂတ်ခေတ်မီတိုးတက်စေရေးအတွက် ထုထည်ပမာဏကြီးမားသော ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို အခြေခံပြီး နိုင်ငံတော်၏ စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာအောင် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဖေဖော်ဝါရီ ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ကျောင်းအုပ်ကြီးအဖြစ် ပို့ဆောင်ရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးကြီးသိန်းဆွေအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(သတင်းစဉ်)

ခရီးသွားလုပ်ငန်းကိုထိခိုက်မည့် သဘာဝဘေးအန္တရာယ်များအား တုံ့ပြန်သွားရန် ဖူးကက်ကျွန်း၌ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အရာရှိများနှင့် ကျွမ်းကျင်သူများဆွေးနွေး

ဖူးကက် ဖေဖော်ဝါရီ ၂

ကမ္ဘာ့ခရီးသွားလုပ်ငန်းကိုထိခိုက်မည့် အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်များအား တုံ့ပြန်သွားရန်အတွက် ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အရာရှိများနှင့် ကျွမ်းကျင်သူများသည် ထိုင်းနိုင်ငံ ဖူးကက်ကျွန်း၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံ ၃၀ တက်ရောက်ခဲ့ကြပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့၏ အတွင်းရေးမှူးချုပ်က ဆူနာမီသဘာဝဘေးအန္တရာယ်ဒဏ် ခံခဲ့ရသည့် နိုင်ငံများအား အထောက်အကူ မြန်မြန်ထက်ထက်ပေးကြရန် တိုက်တွန်းခဲ့သည်။

အကြီးမားဆုံး

ကမ္ဘာလှည့်ခရီးသွားများနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၌ လုပ်ကိုင်နေကြသူများအတွင်း ဘေးဒုက္ခနှင့်ကြုံရသူအရေအတွက်ကို မိမိတို့ ထည့်သွင်းစဉ်းစားလျှင် ယခုကြုံတွေ့ခဲ့ရသော ဘေးဒုက္ခအန္တရာယ်သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းသမိုင်းကြောင်းတွင် မိမိတို့ကြုံခဲ့ရသည့် အကြီးမားဆုံး ဘေးဒုက္ခအန္တရာယ်ဖြစ်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးချုပ် ဖရန်စစ္စကိုဖရန်ဂီလီက ပြောကြားသည်။

အရှေ့တောင်အာရှနိုင်ငံများသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှနေ၍ ၂၀၀၂ ခုနှစ်၌ ဒေါ်လာ ၂၇ ဒသမ ၇ ဘီလီယံရရှိခဲ့ပြီး ယခုနှစ်၌ ကမ္ဘာလှည့်ခရီးသွားသန်း ၅၀ ထိရှိမည်ဟု အာဆီယံခရီးသွားလုပ်ငန်းအသင်းက ရည်မှန်းထားပြီး ၂၀၀၆ ခုနှစ်၌ ၅၆ သန်းထိ တိုးလာမည်ဟု ခန့်မှန်းထားသည်။ **(အင်တာနက်)**

လူ၊အပင်များနှင့်တိရစ္ဆာန်တို့ကို ဘေးဖြစ်စေသော ပုရွက်ဆိတ်နီများအား ထိန်းချုပ်သည့်နည်းပညာများ တရုတ်တွင်ရှိထား

ပေကျင်း ဖေဖော်ဝါရီ ၂

တရုတ်စိုက်ပျိုးရေးဌာနများတွင် လက်တင်အမေရိက ပုရွက်ဆိတ်နီမျိုးများပြန့်ပွားခြင်းကို ထိန်းချုပ်နိုင်သော နည်းပညာများရှိထားကြောင်း တရုတ်စိုက်ပျိုးရေးဝန်ကြီးဌာနက ပေကျင်း၌ တနင်္လာနေ့က ပြောကြားသည်။

အဆိုပါပုရွက်ဆိတ်နီမျိုးကို တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်ရှိ ဝူချန်မြို့တွင် နေရာအချို့၌ တွေ့ရှိထားကြောင်း သီးနှံစိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဝမ်ရှို့ကွန်က ပြောကြားသည်။

ထို့ပြင် ယင်းဝန်ကြီးဌာနသည် ယင်းပုရွက်ဆိတ်နီမျိုး ပြန့်ပွားခြင်းကို ကာကွယ်တားဆီးသွားရန် အရေးပေါ်အစီအစဉ်တစ်ရပ်ကိုလည်း ထုတ်ပြန်ထားသည်။ ယင်းပုရွက်ဆိတ်နီများတွေ့ရှိရာ ဒေသများအား ပိတ်ထားရန် ကွမ်တုံဒေသအုပ်ချုပ်ရေးအဖွဲ့ကို ဝန်ကြီးဌာနက မေတ္တာရပ်ခံထားသည်။

အဆိုပါပုရွက်ဆိတ်နီမျိုးသည် တောင်အမေရိက၌ မူလအခြေခံပေါက်ပွားခဲ့ပြီး ၁၉၃၀ ပြည့်နှစ်များအတွင်း၌ မြောက်အမေရိကသို့ ပျံ့နှံ့ဝင်ရောက်ခဲ့ကာ ၂၁ ရာစုနှစ်အစ၌ ဩစတြေးလျ၊ နယူးဇီလန်သို့ ပျံ့နှံ့လာခဲ့သည်။

ယင်းပုရွက်ဆိတ်နီများသည် အပင်၏ အမြစ်များ၊ ပင်စည်များ၊ အရွက်များ အပြင် အပင်၏ အသီးများကို အဓိကဖျက်ဆီးသော်လည်း လူများနှင့်တိရစ္ဆာန်များကိုလည်း ၎င်းတို့ကိုက်လျှင် အဆိပ်သင့်စေသည်ဟု သိရသည်။

ယင်းပုရွက်ဆိတ်နီများ ကိုက်ခဲခြင်းခံရလျှင် ရင်ဘတ်၌ နာကျင်ခြင်း၊ ပျို့ချင်အန်ချင်ဖြစ်ခြင်း၊ တုန်လှုပ်ချောက်ချားခြင်း ဖြစ်တတ်သည့်အပြင် မေ့မျောခြင်းနှင့် သေဆုံးခြင်းတို့လည်းဖြစ်တတ်ကြောင်း အမေရိကန် စိုက်ပျိုးရေးဌာနက ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဥရောပ မြောက်ပိုင်းတွင် အိုဇုန်းလွှာအပေါက် ပိုမိုကြီးမားလာ

ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၂

ယခုနှစ် ဆောင်းရာသီတွင် အပူအအေးစံချိန်တိုးတက်မြင့်မားမှု ကြောင့် ဥရောပမြောက်ပိုင်းရှိ ဒေသများအပေါ်တွင် အိုဇုန်းလွှာအပေါက် ပိုမိုကြီးမားလာကြောင်း၊ ယင်းကဲ့သို့ အိုဇုန်းလွှာအပေါက် ကြီးမားလာမှုသည် ခရမ်းလွန်ရောင်ခြည်ကြောင့် လူတို့တွင် အရေပြားကင်ဆာများ ဖြစ်ပွားနိုင်ကြောင်း ဥရောပကော်မရှင်က တနင်္လာနေ့တွင် ပြောကြားသည်။

အာတိတ်ဒေသတွင် အပူချိန်လျော့ကျမှုသည် ကမ္ဘာ့လေထုလွှာ မြင့်မားမှုကိုဖြစ်စေပြီး အိုဇုန်းလွှာ အနေအထားကို ခိုင်မာမှုဖြစ်စေသည်ဟု သိပ္ပံပညာရှင်များက မှတ်တမ်းတင် အတည်ပြုထားခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ ကမ္ဘာ့လေထုလွှာ မြင့်မားမှုသည် လေထုအတွင်း၌ ပါဝင်သော အောက်ဆီဂျင်ကြောင့် အန္တရာယ်ကြီးမားသော ခရမ်းလွန်ရောင်ခြည်ထုတ်လွှတ်မှုမှ ကမ္ဘာကို အကာ အကွယ်ပေးနိုင်ကြောင်း သိပ္ပံပညာ ရှင်များက ပြောကြားသည်။

သို့ရာတွင် အိုဇုန်းဓာတ်ငွေ့ ပျောက်ကွယ်မှုနှင့် အိုဇုန်းလွှာ ပါးလွှာမှုတို့ တဖြည်းဖြည်း တိုးတက်မြင့်မားလာပြီး အိုဇုန်းလွှာအပေါက် ကြီးမားလာပါက အနာဂတ်တွင် ရောဂါဖြစ်ပွားမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ဥရောပကော်မရှင်မှ ကျွမ်းကျင်သူပညာရှင်များက ပြောကြားသည်။

အိုဇုန်းလွှာ အပေါက်ဖြစ်မှုများ၏ အကျိုးဆက်ကို ဝင်ရိုးစွန်းဒေသများ၊ စကင်ဒီနေဗီးယားနှင့် ဥရောပအလယ်ပိုင်းတွင် ဖြစ်ပေါ်ခံစားရနိုင်ကြောင်းလည်း သိပ္ပံပညာရှင်များက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၄ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလက်ရှ်မန်ကာဒီဂါမာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုကဗျာ

ပြည်ထောင်စု အဓိဋ္ဌာန်

❒ နှင်းမှုန်ဖျန်းပက်၊ ဆယ့်နှစ်ရက်ဖေဖော်ဝါရီ
ရာသီဆောင်းပန်း၊ ပွင့်လန်းသင်းထုံကြည်
ရောင်သွေးစုံညီ၊ စီရီပွင့်ဖူး
ဘိုး ဘွား အမွေ၊ ငါတို့မြေ
ရွှန်းဝေအလှ ထူးပါဘိလေး။

❒ ကြည်နူးဖွယ်အလှ၊ ထာဝရပိုင်ဆိုင်ပေ
မြန်မာ့မြေတစ်ဝှမ်း၊ စိမ်းလန်းသစ်လွင်နေ
တော တောင်ရေမြေ၊ ရစ်ခွေ မြစ် ချောင်း
လမ်းတံတားခေတ်မီ၊ ပြည်သစ်တည်
ချစ်ကြည်စဖွယ် ကောင်းပါဘိလေး။

❒ မိုင်ပေါင်းမည်မျှ၊ ဝေးကွာကြပါစေ
ဒို့တိုင်းရင်းသား၊ ညီဘွားနောင်ရင်းဆွေ
မခြားစိတ်နေ၊ မသွေစိတ်ထား
စည်းလုံးချစ်ကြည်၊ ပြည်သစ်ဆီ
လှမ်းချီစုပေါင်း အားရယ်နှင့်လေး။

❒ ဒို့တာဝန်အရေးသုံးပါး၊ နှလုံးသားမှာ သန္ဓေတည်
အမျိုးသားရေးမူဝါဒ၊ ချမှတ်စောင့်ထိန်းမည်
ကမ္ဘာအရှည် မြန်မာပြည်၊ တည်တံ့အောင် ဒို့ကြိုးပမ်း
ကချင် ကယား ကရင်ပါ၊ ချင်း မွန် ဗမာ
ညီညာ ရခိုင် ရှမ်း အစုံတည့်လေး။

❒ လမ်းစဉ်ခုနစ်ရပ်၊ ချမှတ်ချီတက်မည်
ရွှေချိုးဖြူနဲ့၊ ကူတဲ့ သည်ယနေ့ဆီ
တစ်ဝှမ်းမြန်ပြည်၊ အေးချမ်းမည်နိမိတ်
မြန်မာ့ဂုဏ်ရောင်၊ မြန်မာတို့ဆောင်
အောင်တိတ် အောင်ဟိတ် အောင်အရိပ် ဝေလိမ့်လေး။
ညီနောင်ထု စိတ်အကြံ တစ်ဆိတ်ပြန် မယိုင်မလဲညီ။
ပြည်ထောင်စု စိတ်အမှန် အဓိဋ္ဌာန် ခိုင်မြဲသည်။ ။

မြင်းမူမောင်နိုင်မိုး

မြဝတီရုပ်မြင်သံကြား

၄-၂-၂၀၀၅
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Phonetics အသံဖလှယ်ခြင်း (တတိယနှစ်-မြန်မာစာ)
၅:၃၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၂၀)
၆:၅၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၈)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၃၉)
၂၃။ သင့်အတွက် မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဖေဖော်ဝါရီ ၁ရက်က မြောက်ဦးမြို့ ကိုးသောင်းပုထိုးတော်ကြီး ပြုပြင်ထိန်းသိမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(ယဉ်ကျေးမှု)

ရခိုင်ပြည်နယ်ရှိ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၃

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်သည် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်လိုက်ပါလျက် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ကိုးသောင်းပုထိုးတော်ကြီးသို့ သွားရောက်၍ အတွင်းလိုဏ်၊ အပြင်လိုဏ် ပတ်လမ်းများ တူးဖော်ထိန်းသိမ်းနေမှု၊ အမိုးပေါင်းခုံများ ပြန်လည်တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ ရခိုင်ပြည်နယ်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးကျော်ဦးလွင်က ကိုးသောင်းပုထိုးတော်ကြီး၏ သမိုင်းကြောင်း၊ ဌာနမှ ပြုပြင်ထိန်းသိမ်းပြီးစီးမှုများနှင့် လက်ရှိထိန်းသိမ်းနေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးဘုန်းကျော်က သံချည်သံကွေးပေါင်းကူးနည်းလမ်းဖြင့် ထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ပုထိုးတော်ကြီး၏ အရှေ့ဘက်နှင့်တောင်ဘက် ပစ္စယာများပေါ်တွင် တည်ထားပြီးစီးသော အရံစေတီများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

လှည့်လည်ဖူးမြော်

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မြောက်ဦးမြို့ ဝင်္ကဘာတောင်ပေါ်ရှိ မြောက်ဦးခေတ် ရှေးဟောင်းဂူဘုရား ပြုပြင်ထိန်းသိမ်းနေမှု၊ အနော်မာဘုရား ဂန္ဓကုဋိတိုက် ပြန်လည်ပြုပြင်ပြီးစီးမှု၊ ပိဋကတ်တိုက်၊ အံတော်သိမ်ပုထိုးတော်နှင့် ထုက္ကံသိမ်ပုထိုးတော်တို့ ပြုပြင်ထားရှိမှုများကို လှည့်လည်ဖူးမြော်ပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်ကို သွားရောက်ကြည့်ရှုပြီး ပြတိုက်နှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

နေ့လယ်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မြောက်ဦးမြို့မှ ဝေသာလီမြို့ဟောင်းသို့ သွားရောက်၍ ဝေသာလီမြို့ဟောင်း တူးဖော်မှု ကုန်းအမှတ်(၈) မြို့ဝင်ပေါက်နေရာကို သွားရောက်ကြည့်ရှုရာ ညွှန်ကြားရေးမှူး ဦးကျော်ဦးလွင်က တူးဖော်တွေ့ရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝေသာလီမြို့ဟောင်းမှ ဆက်လက်၍ ကျောက်တော်မဟာမြတ်မုနိရုပ်ပွားဆင်းတုတော်ကို သွားရောက်ဖူးမြော် ကြည်ညိုပြီး ကျောက်တော်ရှေးဟောင်း သုတေသနပြတိုက်ကို လှည့်လည်ကြည့်ရှုရာ ပြတိုက်မှူး ဦးစန်းဝင်းက ပြတိုက်အတွင်း လှည့်လည်ရှင်းလင်းပြသပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် မြောက်ဦးမြို့မှ စစ်တွေမြို့သို့ ထွက်ခွာလာပြီး ရခိုင်ပြည်နယ်ယဉ်ကျေးမှုပြတိုက်သို့ လှည့်လည်ကြည့်ရှုရာ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်စိုးက ရှင်းလင်း ပြသသည်။

စနစ်တကျခင်းကျင်းပြသ

ထို့နောက် ဒုတိယဝန်ကြီးသည် စစ်တွေဗုဒ္ဓပြတိုက်ကို သွားရောက်ကြည့်ရှုရာ သုတေသနအရာရှိ ပြတိုက်မှူးဦးကျော်ဇံက ရှင်းလင်းပြသပြီး ဒုတိယဝန်ကြီးက ပြတိုက်များတွင် စိတ်ဝင်စားဖွယ် စနစ်တကျ ခင်းကျင်းပြသရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၅ခုနှစ်(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် - ၈-၂-၂၀၀၅ မှ ၁၆-၂-၂၀၀၅
အချိန် - နံနက် ၉:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီ
နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့
(မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။)

ရေကူးမြို့မဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် ၈ရပ်ကွက် ဘုရားကြီးလမ်း ရေကူးမြို့မရိပ်သာဓမ္မသဘင်၌ ဖေဖော်ဝါရီ ၅ရက်တွင် အရှင်ဇဝန (ပဲခူး) အရှင်သူမြတ်က လည်းကောင်း၊ ဖေဖော်ဝါရီ ၆ရက်တွင် အရှင်ဝိစာရ (စာချဓမ္မကထိက) အရှင်သူမြတ်က လည်းကောင်း ညစဉ် ၇နာရီခွဲ၌ တရားဓမ္မများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တပ်မတော်သည် တပ်မတော်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဖွဲ့စည်းထား တပ်သားသစ်များစုဆောင်းရာတွင် ဥပဒေစည်းမျဉ်း စည်းကမ်းနှင့်အညီ အသက် ၁၈နှစ်ပြည့်ပြီး သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူကိုသာစုဆောင်း

✡ ရှေ့ဖုံးမှ

ပထမဆုံးအစည်းအဝေး

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီးနောက် အစည်းအဝေးများ အကြိမ်ကြိမ်ကျင်းပပြီး လုပ်ငန်းများ ဆောင်ရွက်လာခဲ့ရာ ယနေ့ကျင်းပသည့် အစည်းအဝေးမှာ ၂၀၀၅ ခုနှစ်အတွင်း ပထမဆုံးအကြိမ်ကျင်းပသည့်အစည်းအဝေးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံ့တာဝန်ကို စတင်ယူစကပင်ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်ကို တည်ဆောက်သွားမည်ဟု ရည်မှန်းထားပြီး နိုင်ငံသားတိုင်း လိုက်နာလုပ်ဆောင်ကြရမည့်ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် အမျိုးသားရေး မူဝါဒတစ်ရပ်ကို ချမှတ်ကာ ဦးတည်ချက်(၁၂)ရပ်ဖြင့် နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်လာခဲ့တာအားလုံး အသိပင်ဖြစ်ကြောင်း။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ မိမိတို့ နိုင်ငံ၏ အခြေအနေကို ပြန်ကြည့်လျှင် နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးကဏ္ဍစုံ၌ ထိုက်သင့်သည့် ဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ်ကောင်းများကို ရရှိခံစားနေကြရပြီ ဖြစ်ကြောင်း။

သို့သော်လည်း တိုင်းရင်းသားအားလုံး မျှမျှတတ ရရှိခံစားနိုင်ရေးအတွက် တိုင်းရင်းသား အများစုနေထိုင်သည့် နယ်စပ်ဒေသများနှင့်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့် နေထိုင်ကြသည့် ကျေးလက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များချမှတ်ကာ ယနေ့အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြသည့် အချိန်အခါဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးတည်ငြိမ်အောင်၊လုံခြုံအောင်၊ တရားဥပဒေစိုးမိုးအောင်၊ နိုင်ငံသူနိုင်ငံသားများ စားဝတ်နေရေး ပြည့်စုံဖူလုံပြီး စီးပွားရေး အခြေခံ ခိုင်မာတောင့်တင်းအောင်၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရင်း တစ်ဖက်မှလည်း စည်းကမ်းပြည့်ဝသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကာ ပထမဆုံးအချက်လည်းဖြစ်၊ အရေးအကြီးဆုံးလုပ်ငန်းလည်းဖြစ်သည့် အမျိုးသားညီလာခံကို အောင်အောင်မြင်မြင်ပြီးဆုံးသည်အထိ ကျင်းပပြုလုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

ထိုသို့ အခြေအနေ၊ အချိန်အခါမျိုးတွင် ပြည်သူများလိုလားတောင့်တနေကြသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာရေးအတွက် ဝိုင်းဝန်းအားပေး ကူညီကြရမည့်အစား ပြည်တွင်း၊ ပြည်ပမှ အဖျက်သမားအချို့တို့သည် မိမိနိုင်ငံဂုဏ်သိက္ခာကျဆင်းအောင်၊ မိမိလူမျိုးတို့၏ အမျိုးဂုဏ်နိမ့်ပါးအောင်၊ ပြည်သူအများအခက်အခဲအကျပ်အတည်းတွေ့အောင်၊ အမျိုးသားညီလာခံကြီး ပျက်ပြားသွားအောင် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲတွေကိုတရားသေကိုင်စွဲပြီး ဆိုးညစ်ယုတ်မာသောအကြံအစည်များဖြင့် မိမိတို့နိုင်ငံအပေါ် အမျိုးမျိုး ပုတ်ခတ်စွပ်စွဲကာကမ္ဘာ့အလယ်၌ မျက်နှာပျက်ဖွယ်ရာဖြစ်အောင် လုပ်ကြံဖန်တီးနှောင့်ယှက်လျက်ရှိနေသည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

သပ်လျှိုဖန်တီး

၎င်းတို့အကြိုက် ပုံဖော်ထားသည့် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဆိုသည်များကိုအကြောင်းပြပြီး မိမိတို့နိုင်ငံအပေါ် Force Labour ဆိုသည့် အတင်းအဓမ္မအလုပ်စေခိုင်းမှု၊ မူးယစ်ဆေးဝါးကိစ္စ၊ နယ်စပ်ဒေသများတွင် အမျိုးသမီးများအား မတော်မတရားပြုကျင့်သည်ဆိုသည့်ကိစ္စ၊ လူမှောင်ခိုကူးမှု၊ Child Soldier ကိစ္စအကြောင်းပြချက်အမျိုးမျိုးကို မဟုတ်မမှန် လုပ်ကြံစွပ်စွဲပုတ်ခတ်ပြောဆိုလုပ်ဆောင်နေသည့်အပြင် အစဉ်အလာကြီးမားခဲ့သည့် မိမိတို့တပ်မတော်ကိုပင်ပြိုကွဲပျက်စီးအောင် နည်းမျိုးစုံသုံးပြီး သပ်လျှိုဖန်တီးလုပ်ဆောင်လျက်ရှိနေကြောင်း။

ထို့အပြင် အရွယ်မရောက်သေးသည့် ကလေးသူငယ်များကို မိမိတို့တပ်မတော်အနေဖြင့် အတင်းအကျပ်စုဆောင်းပြီး ရှေ့တန်းစစ်ဆင်ရေးများတွင် အသုံးပြုနေကြောင်း မဟုတ်မမှန်လုပ်ကြံဖန်တီးကာ ကုလသမဂ္ဂ မျက်နှာစာသို့ရောက်ရှိအောင်၊ကုလသမဂ္ဂမှ မိမိတို့နိုင်ငံအပေါ် အရေးယူမှုတစ်စုံတစ်ခုပြုလုပ်လာအောင် ကြံဆောင်ကြိုးပမ်းနေကြသဖြင့် မိမိတို့ကော်မတီအနေဖြင့် ဤကိစ္စကို အထူးအလေးထားပြီး ချေဖျက်သွားနိုင်အောင် ကြိုးပမ်းလုပ်ဆောင်သွားကြရန်ဖြစ်ကြောင်း။

သွားရောက်လေ့လာပြီး

အဆိုပါ Child Soldier ကိစ္စစွပ်စွဲမှုများနှင့်ပတ်သက်ပြီး မိမိတို့တပ်မတော်သည် တပ်မတော်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဖွဲ့စည်းထားသော တပ်မတော်အစဉ်အလာကြီးမားခဲ့သည့်တပ်မတော်ဖြစ်ကြောင်း၊တပ်သားသစ်များစုဆောင်းရာမှာလည်းဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ အသက် ၁၈ နှစ် ပြည့်ပြီး အရွယ်ရောက်ပြီးသူ၊ သတ်မှတ် အရည်အချင်းနှင့် ကိုက်ညီသူများကိုသာစုဆောင်းရကြောင်း၊ ထိုကိစ္စသည် တပ်မတော်ထဲတွင် တင်းတင်းကျပ်ကျပ် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၀၄ ခုနှစ်အတွင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင်ရှိသည့် စစ်သားစုဆောင်းရေးတပ်များနှင့်ပတ်သက်ပြီး စစ်သားစုဆောင်းရေးဆိုင်ရာ စည်းမျဉ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ မိမိတို့စုဆောင်းထားသော တပ်သားသစ်များကိုပါ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းဖြစ်သည့် UNICEF မှ ဌာနေကိုယ်စားလှယ်အား သွားရောက်ကြည့်ရှုလေ့လာတွေ့ဆုံခွင့်များပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း။

သို့သော်လည်း မိမိတို့၏ အပြုသဘောဆောင်သည့်လုပ်ဆောင်ချက်များသည် မသမာသူအချို့၏ လုပ်ကြံဖန်တီးမှုများကြောင့် ကုလသမဂ္ဂ မျက်နှာစာသို့ ဖြစ်ရပ်မှန်များမရောက်ရှိဘဲ မဟုတ်မမှန်သတင်းများသာရောက်ရှိပြီး စွပ်စွဲမြဲစွပ်စွဲခံနေရသည့်အတွက် မိမိတို့ကော်မတီအနေဖြင့် ဆောင်ရွက်ဖွယ်ရာကိစ္စများကို တိုးမြှင့်ဆောင်ရွက်ကြရန်နှင့် မိမိတို့၏ မှန်ကန်သောလုပ်ဆောင်ချက်များကို ကုလသမဂ္ဂ မျက်နှာစာသို့ သတင်းမှန်များ ရောက်ရှိရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပဏာမပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အစည်းအဝေးတက်ရောက်လာသူများက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးနှင့် မိမိတို့၏ မှန်ကန်သော ဆောင်ရွက်ချက်များကို နိုင်ငံတကာက သိမြင်နားလည်ပြီး အဖျက်အမှောင့်သမားများ၏ မဟုတ်မမှန်လုပ်ကြံစွပ်စွဲမှုများ ပပျောက်သွားစေရေးတို့အတွက် သံတမန်ရေးကဏ္ဍ၊ တရားစီရင်ရေး ကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ လူမှုရေး ကဏ္ဍ၊ အလုပ်သမားရေးရာကဏ္ဍ၊ တပ်မတော်ဆိုင်ရာကဏ္ဍ စသည့် ကဏ္ဍများအလိုက် ဥပဒေစည်းမျဉ်း စည်းကမ်းနှင့်အညီ ညွှန်ကြားစစ်ဆေး စီမံဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အပေါ် မလိုလားသည့် အဖျက်အမှောင့်သမားများရှိနေသမျှ နိုင်ငံကြီးအချို့က မိမိတို့နိုင်ငံအပေါ် လုပ်ကြံစွပ်စွဲပုတ်ခတ်မှုအမျိုးမျိုးကို နယ်ပယ်ကဏ္ဍစုံက လုပ်ဆောင်နေကြဦးမည်သာ ဖြစ်ကြောင်း။

သို့ဖြစ်၍ နိုင်ငံတကာက မိမိတို့နိုင်ငံအပေါ် အမြင် မလွဲမှားစေရေးအတွက် အမြဲမပြတ် စနစ်တကျတုံ့ပြန်နိုင်ရန်လိုကြောင်း။

စနစ်တကျပြုစုထား

မိမိတို့နိုင်ငံတော်တွင် လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် အသက်အရွယ်အလိုက် နိုင်ငံသားမှတ်ပုံတင် လက်မှတ်များ ထုတ်ပေးပြီး စာရင်းဇယားများ စနစ်တကျထားရှိမှု၊ ကလေးသူငယ်များနှင့်ပတ်သက်၍ ပြုစုစောင့်ရှောက်မှု အစီအမံများ၊ တရားစီရင်ရေးဆိုင်ရာနှင့် ဥပဒေရေးရာအရ အထူးသက်သာခွင့်ပြုထားမှုများ စသည့် စီမံဆောင်ရွက်ထားမှုများနှင့်တကွ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် အရပ်ဘက်နှင့်တပ်မတော်ဘက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ စသည့် မူဝါဒပိုင်းဆိုင်ရာများကို စနစ်တကျစုစည်း ပြုစုထားရန် လိုကြောင်း။

ထို့အပြင် ဥပဒေ စည်းမျဉ်းနှင့် ပြဋ္ဌာန်းချက်များအပေါ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍လည်း မြန်မာ့တပ်မတော်၏ စစ်သားစုဆောင်းမှု၊ လေ့ကျင့်မှုကဏ္ဍများ၏ အစီအမံများနှင့် လက်တွေ့ ဆောင်ရွက်နေမှုများကို အဆင့်ဆင့် ကြီးကြပ်စစ်ဆေး ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဌာနေကိုယ်စားလှယ်များအား အခါအားလျော်စွာ လေ့လာနိုင်စေရအောင် စီမံပေးရန်လိုကြောင်း။

မိမိတို့၏ မှန်ကန်သော ဆောင်ရွက်ချက်များကို နိုင်ငံတကာမျက်နှာစာ၌ ပေါ်လွင်ထင်ရှားစေခြင်းအားဖြင့် မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများကို အမြဲမပြတ် ချေဖျက်သွားကြရန်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာ ကွယ် တားဆီးထိန်းသိမ်းရေး ကော် မ တီ ဝင် ပြည် ထဲ ရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်ဦးရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

အရွယ်မရောက်သေးသူ ကလေး သူငယ်များအား စစ်မှုထမ်းခြင်းမှ ကာ ကွယ် တား ဆီး ထိန်း သိမ်း ရေး ကော်မတီ ဝင် နိုင်ငံခြားရေး ဝန်ကြီး ဌာန ဝန်ကြီး ဦးဉာဏ် ဝင်း ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

အရွယ်မရောက်သေးသူကလေး သူငယ်များအား စစ်မှုထမ်းခြင်းမှ ကာ ကွယ် တား ဆီး ထိန်း သိမ်း ရေး ကော် မ တီ ဝင် လူမှုဝန်ထမ်း၊ ကယ် ဆယ် ရေး နှင့် ပြန်လည်နေ ရာ ချ ထား ရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ် စိန်ထွားရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ရွှေနားပန်စေတီတော် ရွှေသင်္ကန်းကပ်ရန်ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၃

သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် ရွှေနားပန်စေတီတော်မြတ်ကြီး၏ (၈၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ဇန်နဝါရီ ၂၄ ရက်ညက ရှုမဝအငြိမ့်သဘင်ဖြင့် ကပြဖျော်ဖြေ၍ ရရှိသော ပိုငွေကျပ်သုံးသိန်းကို ပွဲတော်ဖြစ်မြောက်ရေးအဖွဲ့က ရွှေနားပန်စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသာဒင်ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မြန်မာတိုကီဝါကျောင်းသုံးခဲတံ ဖြန့်ဖြူးရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

အခြေခံပညာ ကျောင်းသား ကျောင်းသူများ အသုံးပြုရန် ကျောင်းသုံးစာရေးခဲတံများနှင့် ရောင်စုံခဲတံများ ဖြန့်ဖြူးရေးနှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာတိုကီဝါ ကော်ပိုရေးရှင်းတို့၏ သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉နာရီက အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဦးစီးဌာနနှင့်အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဥက္ကဋ္ဌများ၊ ပါမောက္ခချုပ်များ၊ ပြည်နယ်၊ တိုင်းပညာရေးမှူးများ၊ မြန်မာတိုကီဝါ ကော်ပိုရေးရှင်း လီမိတက်မှ Managing Director Mr. Fumiyoshi Sakurai နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကျောင်းသုံးစာရေးခဲတံများနှင့် ရောင်စုံခဲတံများဖြန့်ဖြူးရေး သဘောတူစာချုပ်ကို ပညာရေးဝန်ကြီးဌာနကိုယ်စား ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် မြန်မာတိုကီဝါကော်ပိုရေးရှင်းကိုယ်စား Managing Director Mr. Fumiyoshi Sakurai တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

(သတင်းစဉ်)

ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်စာအုပ်များဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၃

၂၀၀၅ ခုနှစ်အတွက် ရန်ကုန်လမ်းညွှန်စာအုပ်နှင့် မန္တလေးလမ်းညွှန် စာအုပ်တို့ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ရန်ကုန်လမ်းညွှန် စာအုပ်ကို ၁၉၉၂ ခုနှစ်မှစတင်၍ ပြည်သူများလိုအပ်သည့် သတင်းအချက်အလက်များကို အလွယ်တကူသိရှိစေရန်နှင့် ဆက်သွယ်မှု ပိုမိုကောင်းမွန်စေရေး ရှေးရှုကာ နိုင်ငံတကာအဆင့်မီစီစဉ်ထုတ်ဝေလျက်ရှိသည်။ လမ်းညွှန်စာအုပ်များကို ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်များ၊ သတင်းနှင့် ဆက်သွယ်စုံစမ်းရေးဌာနများ၊ သံရုံးများ၊ ဟိုတယ်နှင့် ဧည့်ရိပ်သာများ၊ ဆေးရုံဆေးပေးခန်းများနှင့် မြန်မာနိုင်ငံရှိ အဓိက ကုန်သွယ်နေသော မြို့ကြီး၁၄မြို့၊ ကုန်သွယ်မှုဆိုင်ရာ အသင်းအဖွဲ့များ၊ နိုင်ငံတကာ ကုန်စည်ပြပွဲများနှင့် ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများသို့ နှစ်စဉ် အခမဲ့ ဖြန့်ချိပေးနေကြောင်း သိရသည်။

ရန်ကုန်နှင့် မန္တလေးလမ်းညွှန် စာအုပ် နှစ်အုပ်စလုံးသည် လုပ်ငန်းအသီးသီး၏ ကြော်ငြာများကိုလည်း ကောက်ခံစုစည်းပြီး လမ်းညွှန်အဖြစ် ထုတ်ဝေကာ လုပ်ငန်းစုနှင့် စားသုံးသူတို့ကို ချိတ်ဆက်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

အခမ်းအနားမစတင်မီ နံနက်ပိုင်းမှ စတင်၍ ကျောက်တော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဦးထွန်းရွှေ ခေါင်းဆောင်သော သရက်တပင်ကျေးရွာအုပ်စု၊ ရွာမပြင်ကျေးရွာအုပ်စု၊ ညောင်ချောင်းကျေးရွာအုပ်စု၊ ကျောက်တစ်လုံး ကျေးရွာအုပ်စုနှင့် ကျားနင်းကန် ကျေးရွာအုပ်စုတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ကျေးရွာပြည်သူများ ပါဝင်သည့် ဧည့ဝတီစစ်ကြောင်းသည် လည်းကောင်း၊ မြောက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှဝေ ခေါင်းဆောင်သော မြောက်ဦးမြို့၊ မင်းပြားမြို့နှင့် မြေပုံမြို့၊ စပါးဆိပ်(သရီ) ကျေးရွာအုပ်စု၊ မင်းသားတောင်ကျေးရွာအုပ်စု၊ ပေါက်တော(သရီ) ကျေးရွာအုပ်စုနှင့် သစ်တပုံကျေးရွာအုပ်စုတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပါဝင်သည့် ဝေသာလီစစ်ကြောင်းသည် လည်းကောင်း၊ မင်းပြားမြို့နယ် အတွင်းရေးမှူး ဦးထွန်းမင်း ခေါင်းဆောင်သည့် ကျောက်တော်မြို့ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်နှင့် ပေါက်တောမြို့နယ်တို့မှ အသင်းကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ရခိုင်ရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် အသင်းဝင် ကျောင်းသားလူငယ်များ ပါဝင်သော လေးမြို့ စစ်ကြောင်းသည် လည်းကောင်း၊ ရန်ကုန်-စစ်တွေ ကားလမ်းမတစ်လျှောက်ရှိ သတ်မှတ်စုရပ်နေရာများမှနေ၍ အသီးသီး ချီတက်လာကြပြီး အခမ်းအနားကျင်းပမည့် သရက်တပင်ကျေးရွာ သရီချောင်းတံတားအနီးရှိ လူထုစည်းဝေးပွဲကျင်းပရာ ကွင်းအတွင်းသို့ ဝင်ရောက်လျက် သတ်မှတ်နေရာ အသီးသီး၌ စနစ်တကျ နေရာယူကြသည်။

ထို့နောက် အခမ်းအနားကို နံနက် ၈ နာရီတွင် စတင်ကျင်းပရာ သဘာပတိအဖြစ် စစ်တွေခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းဝင်းက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ကျောက်တော်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွေး၊ ကျောက်တော်မြို့မှ မြို့မိမြို့ဖဖြစ်သူ ဦးအောင်ထွန်းလှိုင်၊ မင်းပြားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ညိုညိုဖုံနှင့် မြောက်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်စိန်နုတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မြောက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မြွေးမြွေးက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ကျောက်တော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်လှစောရီကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်အရ အခမ်းအနားစတင်ကြောင်း ကြေညာသည်။

အိမ်နီးချင်းများလေးစားခဲ့

ထို့နောက် သဘာပတိ ရခိုင်ပြည်နယ် စစ်တွေခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းဝင်းက အမှာစကား ပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံတော်ကြီးသည် ရှေးနှစ်ပေါင်းထောင်ချီပြီး တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် ချစ်ကြည်ရင်းနှီးစွာ အတူတကွ နေထိုင်ခဲ့ကြသည့် သမိုင်းအစဉ်အလာရှိသော နိုင်ငံတော်ကြီးဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတော်ကြီးသည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း၊ ကိုယ့်ဘုရင်၊ ကိုယ့်အရှင်သခင်နှင့်အတူ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်အဖြစ် ဖြစ်တည်ပြီး စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ခဲ့၍ အိမ်နီးချင်းနိုင်ငံများကပါ လေးစားခဲ့ကြကြောင်း။

တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားလာသည်ကို အခွင့်ကောင်းယူပြီး နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး ကျွန်ပြုခဲ့ကြသည်ကို သမိုင်းစာမျက်နှာမှာ သင်ခန်းစာယူစရာအဖြစ် ရင်နင့်ဖွယ်ရာ တွေ့ရမည်ဖြစ်ကြောင်း၊ သူ့ကျွန်ဘဝသို့ ရောက်သည့် အချိန်ကာလများတွင်လည်း တိုင်းရင်းသားအားလုံးသည်လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတို့အတွက် တော်လှန်ကြိုးပမ်းခဲ့ကြသည့်အတွက် ပင်လုံစာချုပ်ချုပ်ဆိုနိုင်ပြီး တစ်နှစ်တာကာလအတွင်းတွင် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ကြောင်း၊ မြန်မာပြည်ကိုလွတ်လပ်ရေးပေးတော့မည့်အချိန်တွင် နယ်ချဲ့တို့က တိုင်းရင်းသားအချင်းချင်း အတွင်း သပ်လျှို၍ တောင်တန်းဒေသများကို ချန်လှပ်ထားရန် ကောက်ကျစ်စဉ်းလဲစွာ ဆောင်ရွက်ခဲ့ကြောင်း၊ နယ်ချဲ့များ၏ပရိယာယ်အကြံကို မိမိတို့တိုင်းရင်းသား လူမျိုးအားလုံးက လုံးဝလက်မခံဘဲ ပင်လုံစာချုပ်ဖြင့် လွတ်လပ်ရေး အခြေခံအုတ်မြစ်ကို ချမှတ်နိုင်ခဲ့ခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ကြောင်း။

ပင်လုံညီလာခံကျင်းပနိုင်ခဲ့သည့် အတွက် ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာရခြင်းကို အားလုံးအသိပင်ဖြစ်ကြောင်း၊ လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့သည့် ပြည်ထောင်စု စိတ်ဓာတ်ကို ကျစ်လျစ်ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ကြရမည် ဖြစ်ကြောင်း။

လက်တွဲကြိုးပမ်း

ပြည်ထောင်စု စိတ်ဓာတ်ဆိုသည်မှာ တိုင်းရင်းသား လူမျိုးစုတို့က မည်သည့်ပြည်နယ်၊ မည်သည့်တိုင်း၊ မည်သည့်အမျိုးအနွယ်ဖြစ်ဖြစ် မိမိတို့တစ်တွေသည် မြန်မာနိုင်ငံအတွင်းတွင် မြန်မာပြည်သားဟုခံယူသည့်စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊လွတ်လပ်သော မြန်မာနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နေနိုင်ရေးအတွက် လွတ်လပ်ရေးကို ရယူခဲ့စဉ်၌ တိုင်းရင်းသား ပြည်သူများ၏ အသက်သွေး၊ ချွေးပေါင်းများစွာကို ပေးဆပ်ခဲ့ရကြောင်း၊ လွတ်လပ်ပြီးစ မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ခေတ်အဆက်ဆက် အစိုးရများသည် နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း နယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုများ၊ ပြည်တွင်းငြိမ်းချမ်းမှုနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး အားနည်းမှုများကြောင့် လိုရာပန်းတိုင်မရောက်ရဘဲ ရပြီးသည့် လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးရအောင် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲပြီး ကြိုးပမ်းခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို တာဝန်ယူပြီးချိန်တွင် အဓိကအကျဆုံးဖြစ်သည့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အေးချမ်းတည်ငြိမ်လာသည်နှင့် အမျှ စီးပွားရေး အခြေခံအဆောက်အအုံများကို နယ်စပ်ဒေသပါမကျန် အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးအခြေခံအုတ်မြစ် ခိုင်မာလာသည်နှင့်အတူ တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝလည်း တိုးတက်မြင့်မားလာပြီဖြစ်ကြောင်း။

ဖွံ့ဖြိုးမှုကသက်သေပြ

နိုင်ငံတော်အစိုးရသည် မည်သည့်ခေတ်၊ မည်သည့်ကာလနှင့်မှ မတူအောင် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းသား လက်နက်ကိုင် ၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဝင်ရောက်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ စည်းလုံးခြင်းသည် အောင်မြင်ခြင်းဖြစ်သည်ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများက သက်သေပြလျက်ရှိကြောင်း။

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသား ညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ရခိုင် ပြည်နယ် စစ်တွေခရိုင် ကျောက်တော် မြို့နယ် သရက်တပင်ကျေးရွာ၌ ကျင်းပရာ သဘာပတိ စစ်တွေခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မျက်မှောက်ကာလသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ရောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ဆောက်ရာတွင် မဖြစ်မနေ ဆောင်ရွက်ရမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

လမ်းညွှန်မိန့်ကြားခဲ့

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကကြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာ၌ အဓိကအကျဆုံးဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်မှုရအောင် ဆောင်ရွက်နိုင်မှုကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုရှိလာသည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှုအခြေအနေများကို အခါမလပ် မိန့်ကြားခဲ့ကြောင်း၊ အထူးသဖြင့် နာယကကြီးအနေဖြင့် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတွင် အဓိကအကျဆုံးသည် အမျိုးသား စည်းလုံးညီညွတ်ရေးဖြစ်သည်ဆိုသည်ကို နိုင်ငံတော်အစိုးရက ယုံကြည်သည်ဟု မိန့်ကြားခဲ့ကြောင်း၊ နာယကကြီးအနေဖြင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားအတွက် အမျိုးသား စည်းလုံးညီညွတ်ရေးကို ခိုင်မြဲသည်ထက်ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည့်အပြင် အမျိုးသား စည်းလုံးညီညွတ်ရေးမှသည် တည်ငြိမ်အေးချမ်းမှုကို ကာကွယ် စောင့်ရှောက်ရေး၊နိုင်ငံတော်နှင့် ပြည်သူ များ၏ စီးပွားရေးဘဝအတွက် တည်ဆောက်ပြီး ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး အတွက် ပြည်ထောင်စုစိတ်ဓာတ် အရင်းတည်ပြီး ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲရေးတို့ကို လမ်းညွှန်မိန့်ကြားသွားခဲ့ကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့် အဓိက အကျဆုံး၊ အရေးကြီးဆုံးဖြစ်သည့် အမျိုးသား ညီလာခံကို တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား၊ အလုပ်သမားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသည့် ကိုယ်စားလှယ်များ စုံညီစွာဖြင့် စတင်ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဆွေးနွေးချမှတ်နေ

အမျိုးသား ညီလာခံသည် နိုင်ငံတော်၏ အနာဂတ်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီးနှင့်တကွ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ရေရှည်အာမခံနိုင်မည့်အပြင် တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားကို ညီညွတ်မျှတစွာ ဖော်ဆောင်နိုင်မည့် တစ်မျိုးသားလုံးအတွက် အကောင်းဆုံးဖြစ်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ပေါ်ပေါက်ရေးအတွက် အခြေခံရမည့် အသေးစိတ်အခြေခံမူများကို ဆွေးနွေးချမှတ်နေပြီဖြစ်ကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ အသက်ဝိညာဉ်ပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိလျှင် နိုင်ငံတစ်နိုင်ငံသည် ကြာရှည်စွာရပ်တည်ရန် ခက်ခဲလှကြောင်း၊ နိုင်ငံရေး တည်ငြိမ်မှုဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ကောင်းမွန်မှုအပေါ်တွင်မူတည်နေကြောင်း၊ အေးချမ်းသာယာ ကြီးပွားတိုးတက်ရေးသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် မူတည်နေခြင်းကြောင့် အမျိုးသား ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော်နိုင်ရေး အတွက် ပထမအဆင့်လည်းဖြစ်၊ အရေးကြီးဆုံးလည်း ဖြစ်သည့်အတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အလေးထား ကြိုဆိုထောက်ခံကြမည်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ကျေးလက်နှင့် မြို့ပြကွာခြားမှု မရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင် မိမိတို့အသင်းကြီးအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ အမျိုးသားရေးမူဝါဒဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို တိုင်းရင်းသား ပြည်သူအားလုံးက ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် တည်ဆောက်ရေးအတွက် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် နိုင်ငံရေးအရ ထိပ်တန်းဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များ၏ အနှစ်သာရသည် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းရေးပင် ဖြစ်သည်ဆိုသည်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး သိရှိထားရန် လိုအပ်ကြောင်း၊ ဤလုပ်ငန်းစဉ် (၇)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခက်အခဲများ၊ အနှောင့်အယှက်များကို ကြုံတွေ့လာခဲ့လျှင်လည်း တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအင်အား၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များဖြင့် ယင်းအခက်အခဲ အတားအဆီးများကို ကျော်လွှားပြီး စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရန် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပါဟု အလေးအနက်တိုက်တွန်းပြောကြားသွားသည်။

ဂုဏ်ပြုကျင်းပခဲ့

ဆက်လက်၍ ပြည်ထောင်စုနေ့ ဂုဏ်ပြုတင်ပြချက်ကို စစ်တွေခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မျိုးသန်းက တင်ပြရာ၌ မိမိတို့ မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့ နှစ်ပရိစ္ဆေဒထောင်ချီရှိပြီး ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းနေထိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်ကြောင်း၊ တိုင်းရင်းသား သွေးချင်းသားချင်းများ၏ စိတ်သဏ္ဌာန်၌ အစဉ်အမြဲကိန်းဝပ်လျက်ရှိသည့် ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသား သွေးချင်းသားချင်း ညီအစ်ကို မောင်နှမများသည် သမိုင်းစဉ်တစ်လျှောက် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကာ ဥမကွဲသိုက်မပျက် နေထိုင်နိုင်ခဲ့ကြကြောင်း၊ မြန်မာနိုင်ငံသည် ကိုယ့်ထီး၊ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် နေထိုင်နေချိန်တွင် ဗြိတိသျှနယ်ချဲ့များက ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး မတရားသိမ်းပိုက်ကျွန်ပြုခဲ့ကြောင်း၊ ဗြိတိသျှနယ်ချဲ့များသည် ကောက်ကျစ်ယုတ်မာပြီး ပရိယာယ်များသည့် လူမျိုးများဖြစ်၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စိတ်ဝမ်းကွဲပြားစေနိုင်သော ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီး ပြည်မ တောင်တန်းခွဲခြားကာ အုပ်ချုပ်ကျွန်ပြုခဲ့ကြောင်း၊ မြန်မာတိုင်းရင်းသားများသည် သူ့ကျွန်မခံလိုသည့် အမျိုးသားရေးဇာတိမာန်နှင့် နိုင်ငံအဝန်းတော်လှန်ခဲ့ကြကြောင်း၊ ဗြိတိသျှအစိုးရသည် မလွဲမရှောင်သာ၍ လွတ်လပ်ရေးပေးရလျှင် တောင်တန်းဒေသများကို မပေးဘဲ ချန်ထားပြီး ကိုလိုနီအဖြစ် ဆက်လက်အုပ်စိုးလိုကြကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများက စည်းလုံးညီညွတ်စွာ လွတ်လပ်ရေးကို အတူတကွ ရယူရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့နယ် ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ ပင်လုံညီလာခံကျင်းပပြီး ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြောင်း၊ ယင်းပင်လုံစာချုပ်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ တောင်ပေါ် မြေပြန့်မခွဲခြားဘဲ တစ်သွေးတစ်သား၊ တစည်းတလုံးတည်း ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူတိုက်ပွဲဝင်ခဲ့ကြသည့်အတွက် မြန်မာ့လွတ်လပ်ရေးကို ပြန်လည် ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ပြန်လည်ရပ်တည်ခွင့် ရရှိနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ ပြသနိုင်ခဲ့သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ပြီး နိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်နှစ်တိုင်း ဂုဏ်ပြုကျင်းပခဲ့ကြရာ ယခုဆိုလျှင် (၅၈)နှစ် ပြည့်တော့မည်ဖြစ်ကြောင်း။

ယခုနှစ် ပြည်ထောင်စုနေ့ကို နိုင်ငံတော်အစိုးရက ဦးတည်ချက်(၅)ရပ်နှင့်အညီ ကျင်းပမည်ဖြစ်ကြောင်း။

ယင်းဦးတည်ချက်များမှာ–

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

(၅) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးတို့ပင် ဖြစ်ပါကြောင်း။

အမျိုးသားရေးမူဝါဒ

ယင်းဦးတည်ချက်များကို နိုင်ငံရေး အနှစ်သာရ ပြည့်ဝစွာဖြင့် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အမျိုးသားရေး မူဝါဒလည်းဖြစ်ကာ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်လည်း ဖြစ်ကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲလျှင် ပြည်ထောင်စုကြီး ပြိုကွဲပြီး လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာလည်း ဆုံးပါးသွားနိုင်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ကျစ်လျစ် ခိုင်မာစွာ တည်ဆောက်ထားနိုင်လျှင် ပြည်ထောင်စုကြီးသည် ဘယ်နည်းနှင့်မှ ပြိုကွဲမည်မဟုတ်ကြောင်း၊ ထို့ကြောင့်

စာမျက်နှာ ၆ သို့

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏အသက်ဝိညာဉ်ဖြစ် နိုင်ငံတော်အေးချမ်းသာယာဖွံ့ဖြိုးရေးသည်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်တွင်မူတည်

စာမျက်နှာ ၅ မှ

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတွင် မရှိမဖြစ် အလိုအပ်ဆုံးနှင့် စွမ်းအားအရေးကြီးဆုံးအရာသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပင်ဖြစ်ကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်လျှင် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကိုလည်း လုံခြုံစွာကာကွယ်စောင့်ရှောက်ပေးပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးသည် အလွန်မှန်ကန်ပြီး လေးနက်သော အရေးကိစ္စများဖြစ်၍ ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဦးထိပ်ပန်ဆင် ခံယူကျင့်သုံးရမည့် အမျိုးသားရေးမူဝါဒဖြစ်ကြောင်း။

ပြောင်းလဲနေပြီ

တိုင်းရင်းသားအားလုံး၏စည်းလုံးညီညွတ်သော စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်၊ နိုင်ငံနှင့်လူမျိုးအတွက် အသက်စွန့်ရန် ဝန်မလေးသည့်စိတ်ဓာတ်များကြောင့် ဆုံးရှုံးခဲ့ရသည့် လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့ခြင်းကို အားလုံးသိရှိပြီး ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ရယူခဲ့သည့် လွတ်လပ်ရေးကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက မျိုးချစ်စိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ကာကွယ် ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ အမျိုးသားရေးမူဝါဒနှင့်အညီ အနာဂတ် မြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားကို ရယူပြီး လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အောင်မြင်အောင် အရှိန်အဟုန်ဖြင့် နေ့မအား ညမနား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ဖြင့် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယနေ့ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်ရောက်ရှိနေပြီး ဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး အခြေအနေများသည် ၁၉၈၈ ခုနှစ်ကာလ အခြေအနေများနှင့် မနှိုင်းယှဉ်သာအောင် ကွာဟပြောင်းလဲနေပြီဆိုသည်ကို ပြည်သူလူထု အားလုံးအသိပင်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရ လက်ထက်တွင် မည်သည့်ခေတ်၊ မည်သည့်အခါနှင့်မှမတူအောင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းသား လက်နက်ကိုင် ၁၇ ဖွဲ့သည် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ပြီး မိမိဒေသအတွင်းမှာသာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်အခြေခံအဆောက်အအုံများကို တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်နေကြပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုအခြေအနေကြောင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်ပြီး နိုင်ငံတစ်ဝန်း နယ်စပ်ဒေသအားလုံးကို အကြားအလပ်မရှိ လွှမ်းခြုံအောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို လက်တွေ့ခံစားနေရပြီဖြစ်ကြောင်း၊ ယင်းဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးနေကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို နိုင်ငံရေးအသိနှင့် ယှဉ်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားနှင့် ကာကွယ် တားဆီးသွားရမည်ဖြစ်ကြောင်း။

ရှင်သန်ထက်မြက်

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးတွင် ဖြန့်ကြက်နေထိုင်လျက်ရှိကြသည့်တိုင်းရင်းသား ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်ပြီး ကူးသန်းသွားလာရောင်းဝယ်ရေး လွယ်ကူအောင် ဆောင်ရွက်နိုင်မှုကြောင့်အချင်းချင်း ရင်းနှီးဆက်သွယ်သံယောဇဉ်နှယ်ကာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားလာစေသကဲ့သို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်း ပိုမိုခိုင်မြဲလာစေခဲ့ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ အသက်သွေးချွေး စတေးပြီးရယူခဲ့သော ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အသက်ပေး ကာကွယ်စေချင်သည့် မျိုးချစ်စိတ်ဓာတ်ကို ရှင်သန်ထက်မြက်စေခဲ့ကြောင်း၊ ယခုနှစ် ပြည်ထောင်စုနေ့၏ ဦးတည်ချက်များသည် ပြည်ထောင်စုအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး နိုင်ငံတော်အပေါ်ကျရောက်မည့် အန္တရာယ် ရန်စွယ်အသွယ်သွယ်ကို တားဆီးသွားစေမည့် သန္နိဋ္ဌာန်ကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ သမိုင်းအစဉ်အလာ ကြီးမားပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသခဲ့သည့် နေ့ထူးနေ့မြတ် ပြည်ထောင်စုနေ့ကို မိမိတို့ ပြည်သူလူထု အစည်းအဝေးကြီးက အလွန်တန်ဖိုးထား ဂုဏ်ပြုပါကြောင်းဖြင့် ရှင်းလင်းတင်ပြသွားသည်။

ကျရာကဏ္ဍကကြိုးပမ်း

ထို့နောက် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ကျောက်တော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသံချောင်းက ထောက်ခံတင်ပြရာ၌ ပြည်သူတို့၏ လိုအပ်ချက်နှင့်အညီ နိုင်ငံတော်အစိုးရက ကြိုးပမ်း တည်ဆောက် အကောင်အထည် ဖော်လျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေး ဦးတည်ချက်သည် အတိတ် ပစ္စုပ္ပန် အနာဂတ် သုံးပါးစလုံးကို လွှမ်းခြုံထားသည့် ဦးတည်ချက်ဖြစ်ကြောင်း၊ နိုင်ငံရေး ဦးတည်ချက်လေးရပ်ထဲတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေးဆိုသည့်အချက်သည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် တစ်ဆက်တည်းဖြစ်နေသည်ကိုတွေ့ရကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ထားပြီးဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် မိမိတို့ တိုင်းရင်းသားပြည်သူများ၏ စွမ်းပကားနှင့်ပင် တည်ဆောက်ကြ ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမဆုံးလမ်းစဉ်ဖြစ်သည့် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးသည် နိုင်ငံတော်အတွက် အသက်တမျှ

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ စစ်တွေခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မျိုးသန်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ကျောက်တော်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသံချောင်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အရေးကြီးလှကြောင်း၊ ပထမဆုံး အနေဖြင့် ၁၉၉၆ ခုနှစ်က ယာယီအားဖြင့် ဆိုင်းငံ့ထားသည့် အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်ကပင် စတင်ကျင်းပခဲ့ပြီး ဖြစ်ကြောင်း၊ မိုးရာသီစိုက်ပျိုးရေးကာလဖြစ်၍ ခေတ္တရပ်နားခဲ့ရသည့် အမျိုးသားညီလာခံကို ပွင့်လင်းရာသီဖြစ်သော ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပရန်အတွက် အတိအလင်းကြေညာထားပြီး ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ရေးဆွဲခဲ့ကြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပျက်ပြားသွားခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ သမိုင်းပေးသည့် အမျိုးသားရေးတာဝန်ဖြစ်ကြောင်း၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် လူထုလူတန်းစား အလွှာပေါင်းစုံက ကိုယ်စားလှယ် ၁၀၈၈ ဦးပါဝင်သည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းလျက် ရှိနေကြောင်း၊ အမျိုးသားညီလာခံကြီးတွင် အမျိုးသားရေး အင်အားစုကြီးက မြန်မာ့သဘောထား၊ မြန်မာ့ရေမြေသဘာဝနှင့် လိုက်ဖက်ကိုက်ညီမှုရှိမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲနိုင်ကြလိမ့်မည်ဟု မိမိနှင့်အတူ တိုင်းရင်းသား ပြည်သူအားလုံးက အလေးအနက် ယုံကြည်မျှော်လင့်နေကြကြောင်း၊ ယခုပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံသည် ပြည်သူများမျှော်လင့် တောင့်တလျက်ရှိသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ ပို့ဆောင်မည့် တစ်ခုတည်းသော မူဝါဒလမ်းစဉ်(၇)ရပ်ဖြစ်၍ အမျိုးသားညီလာခံကြီး အောင်မြင်ရေးအတွက် တက်ရောက်လာကြသည့် ပြည်သူလူထုကြီးနှင့် အတူ နိုင်ငံသားအားလုံးက ကျရာကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရသည် စနစ်တကျကြိုးပမ်း တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို အားလုံးတွေ့မြင်ကြရမည်ဖြစ် ကြောင်း၊ အမျိုးသားညီလာခံကြီး ကျင်းပနိုင်ရေးအတွက် ဦးတည်ချက်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဦးတည်ချက်များမှာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ အနာဂတ် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဆိုသည့် ဦးတည်ချက် ခြောက်ရပ်ဖြင့် ကျင်းပလျက်ရှိကြောင်း။

မိမိတို့အသင်းကြီးသည် ပုဂံလူထုကြိုဆို ထောက်ခံပွဲကြီးတွင်လည်း အမျိုးသားညီလာခံကြီးကို အတိအလင်း ထောက်ခံကြိုဆိုပြီး ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချမှတ်ခဲ့ကြကြောင်း၊ မိမိတို့အသင်းကြီးအနေဖြင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကို လက်တွဲခေါ်ဆောင်ပြီး အမျိုးသားညီလာခံကြီး အောင်မြင်ရေး၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကို အမျိုးသားရေးလုပ်ငန်းတာဝန်အဖြစ် ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အလေးအနက် ပြောကြားလိုကြောင်း။

တွန်းလှန်ဖယ်ရှား

မိမိတို့ မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းတစ်ရာကျော်တို့ မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ အတူတကွနေထိုင်ကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားအားလုံး၏ စည်းလုံး ညီညွတ်ရေးသည် ပဓာနအကျဆုံးနှင့် အလိုအပ်ဆုံး ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထူးအလေးထားပြီး ကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော် တည်ငြိမ်လာသည်နှင့်အတူ အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းအောင် နိုင်ငံတော် တစ်ဝန်းလုံးဖြန့်ကြက် ဆောင်ရွက်ခဲ့မှုကြောင့် စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ ရရှိလာပြီးဖြစ်ကြောင်း၊ ယင်းအခြေခံကောင်းများနှင့်အတူ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပနိုင်ပြီ ဖြစ်သည့်အတွက် ခိုင်မာသော ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ထွန်းလာမည့် ရောင်ခြည်များသန်းနေပြီး ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက လက်တွဲပူးပေါင်း အကောင်အထည်ဖော်ဆောင်မှုကြောင့် အမျိုးသားညီလာခံကြီးသည် အောင်မြင်စွာ ပြီးဆုံးသွားမည်ဟု အလေးအနက်ယုံကြည်ကြောင်း၊ မိမိတို့ အနေဖြင့် အမျိုးသားရေးအသိနှင့် ယှဉ်ပြီး စောင့်ကြည့်ရမည်မှာ ပြည်တွင်းပြည်ပ အဖျက်သမား၏ အန္တရာယ်ပင် ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို နိုင်ငံတော် အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုကြီးနှင့်အတူ မပေါ့သောသတိ၊ မလျှော့သော လုံ့လဝီရိယဖြင့် စောင့်ကြပ်ကြည့်ရှုပြီး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်ဖြင့် တွန်းလှန်ဖယ်ရှားသွားကြရမည် ဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အသက်၊သွေး၊ချွေးတို့ကို စတေးပြီးရယူခဲ့သည့် လွတ်လပ်ရေးကြီး တည်တံ့ခိုင်မြဲရန်နှင့် တိုင်းရင်းသား ပြည်သူများ၏ ညီညွတ်မှု စွမ်းပကားဖြင့် တည်ဆောက်ခဲ့သည့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲကာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရန် အစွမ်းကုန် ပူးပေါင်းပါဝင် ကြိုးပမ်းကြပါစို့ဟု တိုက်တွန်း ပြောကြားသွားသည်။

အကောင်အထည်ဖော်

ဆက်လက်၍ ရခိုင်ပြည်နယ် စစ်တွေခရိုင် ရှစ်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ စစ်တွေခရိုင် ပေါက်တောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်ဇမိုးနုက ရှင်းလင်းတင်ပြရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်သည့်စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်သည့်အခါတွင် ပြည်နယ်နှင့်တိုင်း၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဖွံ့ဖြိုးတိုးတက်မှုတွင် ကွာဟမှုမရှိဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် တစ်ချိန်က ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသည့် နယ်စပ်ဒေသများသည် ယနေ့အချိန်ကာလတွင် မြို့ကြီး၊ ပြကြီးနှင့်မခြား ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြား အစီအစဉ်များတွင် ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်နေရပြီ ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ထို့အပြင် ပြည်နယ်နှင့်တိုင်းများတွင် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထူးဒေသကြီး ၂၄ ခုသတ်မှတ်ပြီး ဖွံ့ဖြိုးရေးစီမံကိန်းများကို စနစ်တကျ ချမှတ်ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေ ပြည်သူများဖြစ်ကြကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးမူ (၅)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးနေသကဲ့သို့ မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်ကလည်း ပြည်သူလူထုနှင့်လက်တွဲကာ နိုင်ငံနှင့်အဝန်း ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ မိမိတို့ စစ်တွေခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ အသင်းအဆင့်ဆင့်ကလည်း ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို စည်းရုံးရေးအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ မိမိတို့အသင်းအဆင့်ဆင့်၏ ကြိုးပမ်း ဆောင်ရွက်မှုများကြောင့် စစ်တွေခရိုင်အတွင်းတွင်ရရှိလာသည့် အကျိုးရလဒ်များမှာ ကျေးရွာချင်းဆက်လမ်း ၁၅ လမ်းကို ဖောက်လုပ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကျေးလက်လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စေရေးအတွက် မြေသားလမ်းများ ဖောက်လုပ်ခြင်း၊ ကျောက်ခင်းလမ်းများခင်းခြင်း၊ အရှည်သုံးမိုင်တံတားငယ်များ တည်ဆောက်ခြင်းလေးခုနှင့် ပြုပြင်မွမ်းမံခြင်းကိုးခုကို အသင်းမှ ဦးဆောင်စည်းရုံးပြီး ကျေးရွာလူထုများနှင့် ပူးပေါင်းကာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကျေးလက်မီးလင်းရေးအတွက်ကျောက်တော်မြို့နယ် မီးဝကျေးရွာတွင် ၅ ကေဗွီမီးစက်ငယ်တစ်လုံး တပ်ဆင်ပြီး ကျေးရွာမီးလင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိနေကြောင်း၊ မိမိတို့အသင်းအနေဖြင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ လေအားဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကျေးရွာများ မီးရရှိရေးအတွက် ပြည်သူများကို စည်းရုံးဆောင်ရွက်ပြီး လျှပ်စစ်မီးချောင်းများ၊လျှပ်စစ်ပစ္စည်းများကိုလည်း မိမိတို့ အသင်းအဆင့်ဆင့်က လှူဒါန်းပေးနိုင်ခဲ့ကြောင်း။

ကြိုးပမ်းဆောင်ရွက်

မိမိတို့ စစ်တွေခရိုင်အတွင်း ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ရေရှားပါး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုဥယျာဉ်ကြီးအတွင်းမှ တောင်ဇလပ်ပန်းများ

၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ အရောက်ဆောင်နှင်းနိုင်ခဲ့သော နေ့ထူးရက်မြတ်ဖြစ်သည်။ မြန်မာနိုင်ငံဆိုသည်မှာ တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းက မှီတင်းနေထိုင်သည့် နိုင်ငံမဟုတ်၊ လွတ်လပ်ရေးကြိုးပမ်းမှုတွင်လည်း တိုင်းရင်းသား လူမျိုးတစ်မျိုးတည်းက ကြိုးပမ်း၍ အောင်မြင်ခဲ့ခြင်းမဟုတ်ပေ။ တိုင်းရင်းသား အသီးသီးတို့၏ စည်းလုံးညီညွတ်မှုဖြင့် တစ်စိတ်တစ်ဝမ်းတက်ညီလက်ညီ ပြည်ရေးကို ပြိုင်တူချီနိုင်၍သာ လွတ်လပ်ရေးရခဲ့ခြင်းဖြစ်၏။ မြန်မာတို့၏ အတိတ်သမိုင်းက သက်သေခံလျက်ရှိသည်။

ပြည်ထောင်စုကြီးဘူမိနက်သန် ပင်လုံညီလာခံကြီးသို့ ချင်းပြည်နယ် ဟားခါးမြို့နယ်၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သော ချင်းတိုင်းရင်းသား ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးကီးယိုးမန်။

၁၈၂၄ခုနှစ် မတ်လတွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်အမ်းဟတ်စ်က မြန်မာနိုင်ငံအား စစ်ကြေညာတိုက်ခိုက်သဖြင့် မြန်မာနှင့်နယ်ချဲ့တို့၏ ပထမစစ် စတင်ဖြစ်ပွားခဲ့သည်။ စစ်မှာ နှစ်နှစ်နီးပါးအထိပင် ကြာညောင်းခဲ့သည်။ ဤစစ်တွင် အာသံ၊ မဏိပူရ၊ စစ်တကောင်း စသည့် ရှေ့ပိုင်း စစ်မျက်နှာများ၌ ဗမာတိုင်းရင်းသားများနှင့်အတူ ကချင်၊ ချင်း၊ ရှမ်း၊ ရခိုင်၊ မွန် တိုင်းရင်းသားတို့လည်း ပါဝင်တိုက်ခိုက်ခဲ့ကြသည်။ တနင်္သာရီ၊ မုတ္တမ၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသနှင့် ပြည် စသည့် နောက်ပိုင်းစစ်မျက်နှာများတွင်လည်း ဗမာ၊ ကရင်နှင့် မွန်တိုင်းရင်းသားများ ပူးပေါင်းတိုက်ခိုက်ခဲ့ကြသည်။ ဤပထမစစ်ပွဲတွင် ရှမ်းတိုင်းရင်းသားများလည်း လက်တွဲတိုက်ခိုက်ခဲ့ကြရာ ရှမ်းတိုင်းရင်းသူများပင် ရဲရင့်စွာ ပါဝင်တိုက်ခိုက်ခဲ့သည်ကို တွေ့ရှိရသည်။

၁၈၂၆ခုနှစ် ဖေဖော်ဝါရီလတွင် ရန္တပိုစာချုပ်အရ အာသံ၊ မဏိပူရ၊ ရခိုင်နှင့်တနင်္သာရီနယ်များ ဗြိတိသျှလက်အောက်သို့ ကျရောက်သွားပြီးနောက်တွင်လည်း ကရင်၊ ဗမာ၊ ရခိုင်နှင့် မွန် တိုင်းရင်းသားများသည် လူသူလက်နက်စုဆောင်း၍ နယ်ချဲ့တို့ကို လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲခဲ့ကြသည်။

၁၈၅၂ခုနှစ် ဧပြီလတွင် နယ်ချဲ့တို့က မြန်မာ့နယ်မြေများကို ထပ်မံထိပါးတိုက်ခိုက်ကြပြန်သဖြင့် ဒုတိယအကြိမ် စစ်ဖြစ်ရပြန်သည်။ စစ်ပွဲမှာ ရှစ်လခန့်ကြာသည်။ ၁၈၅၂ခုနှစ် အောက်တိုဘာလတွင် မုတ္တမ၊ပဲခူး၊ရန်ကုန်၊ ပြည်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများ ဗြိတိသျှလက်တွင်းသို့ ကျဆင်းသွား ပြန်သည်။

ချင်းတောင်တန်းကို တိုက်ခိုက်ခြင်း မပြုစေလိုလျှင် ရွှေချိုးဖြူမင်းသားကို ဖမ်းဆီးအပ်နှံရမည်ဟူသော ကမ်းလှမ်းချက်ကိုပင် ချင်းတိုင်းရင်းသားများက ပယ်ချခဲ့သည်။ ချင်းတိုင်းရင်းသား ခေါင်းဆောင် တာရွှန်းဆွန်ဘိက်၊ ဦးတက်၊ ဦးပြား၊ ဦးကိုင်ကမ်း၊ ဦးခေါ်ကျင့်တပ်၊ ချိုးချင်းဦးကီးရောက်နိန်း၊ ဦးခုပ်လျင်း၊ ဦးကမ်စွတ်၊ ဗိုလ်ကိုင်တွ၊ ဦးမာန်ကင်၊ ဦးထန်းမောင်၊ ဦးဝမ္မသူးမောင် စသူတို့က သူ့ကျွန်မခံလိုသော မျိုးချစ် စိတ်ဓာတ်ဖြင့် နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

ဤအချိန်မှစ၍ နယ်ချဲ့လက်အောက်သို့ ကျရောက်သွားသော နိုင်ငံတစ်ဝန်းဒေသအသီးသီးမှ ကရင်၊ဗမာ၊မွန် တိုင်းရင်းသားများ ပူးပေါင်းကာ နယ်ချဲ့တို့ကို ရရာလက်နက်ကိုင်စွဲ၍ တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ ၁၈၈၅ခုနှစ် နိုဝင်ဘာလတွင် နယ်ချဲ့တို့က ထပ်မံတိုက်ခိုက်ကြပြန်သဖြင့် မြန်မာနှင့်အင်္ဂလိပ် တတိယစစ်ပွဲဖြစ်ရပြန်သည်။ စစ်မှာ တစ်လခန့်သာကြာသည်။ ၁၈၈၅ခုနှစ် နိုဝင်ဘာလတွင် မန္တလေးနေပြည်တော် နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည်။ နေပြည်တော် ကျဆုံးပြီးသည့်နောက်တွင် မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ တိုက်ပွဲများ ကြီးမားစွာ ဖြစ်ပွားခဲ့သည်။ အရွယ်ရောက်သူ မျိုးချစ်တိုင်းရင်းသားအားလုံး နယ်ချဲ့ကျူးကျော်မှုကို ခုခံတိုက်ခိုက်ခဲ့ကြသည်။

ကချင်၊ ကယား၊ ကရင်၊ ချင်းနှင့် ရှမ်းတောင်တန်းဒေသမှ တိုင်းရင်းသားတို့သည် တစ်ဦးနှင့်တစ်ဦး ကျောချင်းကပ်၊ ရင်ချင်းအပ်၍ နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ကယားတောင်တန်းတွင် စောလဖော်နှင့် ထွတ်လူ ခေါင်းဆောင်သော ကယားနှင့် ရှမ်းတိုင်းရင်းသားများ၊ ကချင်တောင်တန်းဘက်တွင် ဖုံကန်ဒူဝါ၊ ဆမားဒူဝါ၊ ဂရားဒူဝါ၊ သမာဒူဝါနှင့် ဆဒုံဒူဝါတို့ ဦးဆောင်သော ဗမာနှင့် ကချင်တိုင်းရင်းသားများ၊ ဦးခမ်းလှိုင်၊ စောရန်ပိုင်နှင့် ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ်တို့ ဦးဆောင်သော ရှမ်းနှင့် ဗမာတိုင်းရင်းသားများက ဓာတ်မာန်တက်ကြွစွာဖြင့် နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

ယောနကဘိုးထောင်

ရှမ်းပြည်နယ်ဘက်တွင် မြင်စိုင်းမင်းသား၊ လင်းပင်မင်းသား၊ ကျိုင်းတုံစော်ဘွားနှင့် ရပ်စောက်စော်ဘွားတို့က တိုင်းရင်းသားများကို ဦးဆောင်၍ နယ်ချဲ့အားတိုက်ခိုက်ခဲ့ကြသည်။ 'ဝ'နယ်ဘက်တွင် စောမဟာနှင့် နော်ခမ်းဦးတို့ ဦးဆောင်သော 'ဝ' တိုင်းရင်းသားများသည် ညီနောင်သားချင်းများနှင့်အတူ တစ်သွေးတစ်သားတည်း လက်တွဲ၍ နယ်ချဲ့ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။

နယ်ချဲ့တို့က သွေးခွဲစည်းရုံးခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ **ချင်းတောင်တန်းကို တိုက်ခိုက်ခြင်းမပြုစေလိုလျှင် ရွှေချိုးဖြူမင်းသားကို ဖမ်းဆီးအပ်နှံရမည်ဟူသော ကမ်းလှမ်းချက်ကိုပင် ချင်းတိုင်းရင်းသားများက ပယ်ချခဲ့သည်။ ချင်းတိုင်းရင်းသားခေါင်းဆောင် တာရွှန်းဆွန်ဘိက်၊ ဦးတက်၊ ဦးပြား၊ ဦးကိုင်ကမ်း၊ ဦးခေါ်ကျင့်တပ်၊ ချိုးချင်းဦးကီးရောက်နိန်း၊ ဦးခုပ်လျင်း၊ ဦးကမ်စွတ်၊ ဗိုလ်ကိုင်တွ၊ ဦးမာန်ကင်၊ ဦးထန်းမောင်၊ ဦးဝမ္မသူးမောင် စသူတို့က သူ့ကျွန်မခံလိုသော မျိုးချစ်စိတ်ဓာတ်ဖြင့် နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။**

မြန်မာနိုင်ငံအား ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်သိမ်းပိုက်မှုကို ၁၈၉၀ မှ ၁၈၉၄ ခုနှစ်အထိ တွန်းလှန်တိုက်ခိုက်ခဲ့သော ချင်းတိုင်းရင်းသား ခေါင်းဆောင် တစ်ဦးဖြစ်သူ ဗိုလ်နိုင်ကမ်း။

ပခုက္ကူခရိုင် ထီးလင်းမြို့၌ ကျင်းပခဲ့သည့် ချင်း–ဗမာ ချစ်ကြည်ရေး အထိမ်းအမှတ် ကျောက်တိုင်စိုက်ထူရန် ဗမာကိုယ်စားလှယ် ဒီးဒုတ် ဦးဘချိုနှင့် ချင်းကိုယ်စားလှယ် ဦးဝမ္မသူးမောင်တို့ အုတ်မြစ်ချနေစဉ်။

ချင်း–ဗမာတိုင်းရင်းသားများ ချစ်ကြည်ရေးညီလာခံကို ဂန့်ဂေါခရိုင် ထီးလင်းမြို့၌ ၁၉၄၇ခုနှစ် မတ်လ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ သုံးရက်တိုင်တိုင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့လေသည်။ ထိုညီလာခံသို့ ဗမာခေါင်းဆောင်တစ်ဦးဖြစ်သူ ဒီးဒုတ်ဦးဘချို တက်ရောက်ခဲ့သည်။ ချင်း–ဗမာ တိုင်းရင်းသား လူထု နှစ်သောင်းကျော် တက်ရောက်ခဲ့ကြသည်။ ချင်း–ဗမာချစ်ကြည်ရေးကျောက်တိုင် စိုက်ထူရာတွင် ဦးဝမ္မသူးမောင်နှင့် ဒီးဒုတ်ဦးဘချိုတို့က ပူးတွဲအုတ်မြစ်ချ ပေးခဲ့ကြသည်။ ချင်း–ဗမာ ချစ်ကြည်ရေးညီလာခံသည် ချင်းနှင့်ဗမာတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများသာဖြစ်၍ မည်သည့်အခါမျှ ချစ်ကြည်မှု မပျက်ပြားနိုင်ကြောင်း သက်သေတည်သော အထိမ်းအမှတ် တစ်ရပ်ပင် ဖြစ်တော့သည်။ ချင်း–ဗမာ ချစ်ကြည်ရေးညီလာခံကိုယ်စားလှယ် ဦးဝမ္မသူးမောင်နှင့် ဦးဘဆိုင်တို့က မြောက်ပိုင်း ချင်းတောင်သို့လည်းကောင်း၊ သခင်အောင်မင်းနှင့် ဦးမောင်ကလေးတို့က တောင်ပိုင်းချင်းတောင်သို့လည်းကောင်း အုပ်စုနှစ်စုခွဲကာ တောင်တန်း–ပြည်မ ပူးပေါင်းကာ လွတ်လပ်ရေးရယူရေး၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးတို့ကို ဆော်ဩစည်းရုံးခဲ့ကြသည်။ ဦးဝမ္မသူးမောင်သည် ပင်လုံညီလာခံသို့ တက်ရောက်ရန်ဖြစ်သော်လည်း ချင်း–ဗမာချစ်ကြည်ရေးလုပ်ငန်းများ မပြီးစီးသေးသောကြောင့် မတက်ရောက်နိုင်ခဲ့ပေ။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီ အချိန်တွင် သမိုင်းတွင်ရစ်မည့် ပင်လုံညီလာခံကျင်းပခဲ့သည်။ တောင်တန်းနယ်နှင့် ပြည်မ တိုင်းရင်းသား အားလုံး၏ စည်းလုံးညီညွတ်မှု သမိုင်းသက်သေ ပင်လုံစာချုပ်ကို လက်မှတ်ရေး ထိုးခဲ့ကြသည်။ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သော ချင်းတိုင်းရင်းသား ကိုယ်စားလှယ်များမှာ ဦးလှူမှုန်(ဖလမ်း)၊ ဦးသောင်ဇခုတ် (တီးတိန်)၊ ဦးကီးယိုးမန် (ဟားခါး)တို့ဖြစ်သည်။

လွတ်လပ်ရေးအောင်ပန်းရရှိခဲ့ပြီးသော နောက်ပိုင်းကာလ ပြည်တွင်းဆူပူသောင်းကျန်းမှုချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများက တာဝန်ကျေကျေထမ်းရွက်ခဲ့ကြသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အသက်၊ သွေး၊ ချွေးများကို အခြားတိုင်းရင်းသားများနှင့်အတူ ပေးဆပ်ခဲ့ကြသည်။ သူရသတ္တိဆိုင်ရာ အမြင့်မားဆုံးဖြစ်သော အောင်ဆန်းသူရိယနှင့် သူရဘွဲ့ကို ချင်းတိုင်းရင်းသား တပ်မတော်သား ဗိုလ်ကြီးတိုက်ချွန်းက ရရှိခဲ့သည်။ ထို့ပြင် သီဟသူရနှင့် သူရဂေရှိန်း၊ သူရနိုင်းလိန်း၊ သူရကြိုတိတ်၊ သူရရှိထန်းတို့ကလည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုပြကာ တပ်မတော်တွင် တာဝန်ထမ်းဆောင်ရင်း ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ ရယူနိုင်ခဲ့ကြသည်။

ယနေ့ ချင်းပြည်နယ်သည် ငြိမ်းချမ်းမြဲ ငြိမ်းချမ်းလျက်၊ သာယာမြဲ သာယာလျက်ရှိသည်။ အောက်ချင်းငှက်ကို အမြတ်တနိုးထားတတ်ကြသော ချင်းတိုင်းရင်းသားများသည် နိုင်ငံတော်၏ သစ္စာကို ထာဝရစောင့်သိရိုသေလျက်ရှိကြောင်းဖြင့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် ပြည်ထောင်စုဥယျာဉ်ကြီးအတွင်းမှ တောင်ဇလပ်ပန်းတို့၏ အလှကို မှတ်တမ်းပြုစုတင်ပြအပ်ပါသတည်း။ ။

4-2 (07).p65 7 3/24/05, 10:30 PM

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသော ချင်းပြည်နယ်

သီဟအောင်

ချင်းပြည်နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အနောက်ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင် ပေါင်း ၁၃၉၀၇ ကျယ်ဝန်းသည်။

ချင်းတိုင်းရင်းသား မျိုးနွယ်စုများနှင့် မြို၊ ခမီနှင့် ဗမာတိုင်းရင်းသားများ အတူတကွ ပူးပေါင်း နေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခု အသွင် တည်ရှိနေသည်။ လက်ရှိ လူဦးရေ ၅၁၄၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၃၇ ယောက်ဖြစ်သည်။

တောတောင်ထူထပ်၍ မြေပြန့် အလွန်နည်းပါးသော ပြည်နယ်ဖြစ်သည်။ တောင်တန်းများသည် မြောက်မှ တောင်သို့ သွယ်တန်းနေပြီး တောင်တန်းများအကြား၌ မြစ်ဝှမ်း၊ ချိုင့်ဝှမ်းများ ရှိသည်။ အမြင့်ဆုံး တောင်ထိပ်မှာ ပေ ၁၀၂၀၀ မြင့်သော ဝိတိုရိယ (ခေါ်) ခေါ်နုဆုမ်တောင်ဖြစ်သည်။ မြစ်ချောင်းများစွာ စီးဆင်းနေပြီး မဏိပူရမြစ်သည် ပြည်နယ်မြောက်ပိုင်းကို ဖြတ်သန်းစီးဆင်းသည်။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၉၉၄ ခုနှစ် မတ်လပထမပတ်က နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးသည့် ပြည်တွင်းခရီးစဉ်၌–

"ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ၊ ပင်ပန်းမှုများ ရှိနိုင်ကြောင်း၊ သို့သော် ယခု အနစ်နာခံပြီး ဆောင်ရွက်မှုများသည် မိမိတို့အတွက်လည်း အကျိုးကျေးဇူး အထိုက်အလျောက် ခံစားကြရမည်ဖြစ်ပြီး မိမိတို့ သားစဉ်မြေးဆက် လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက်လည်း အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်၍ အားလုံးအသိစိတ်ဓာတ်ဖြင့် စေတနာထား အလုပ်လုပ်ကြရန် လိုအပ်ကြောင်း"

လမ်းညွှန်မိန့်ကြားခဲ့သည်။

တိုင်းပြည်၌ ခေတ်နောက်ကျ၍ ကျန်ရစ်သည်များရှိရာ ပြည်ထောင်စုတစ်ဝန်းလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် သာမန်ထက် နှစ်ဆ၊ သုံးဆ ကြိုးပမ်းဆောင်ရွက်ခြင်း၊ တိုင်းရင်းသားအချင်းချင်း ဆူကြုံနိမ့်မြင့် ကွာဟမှုနည်းနိုင်သမျှနည်းအောင် ဟန်ချက်ညီညီ မြှင့်တင်ပေးခြင်းဖြင့် တပ်မတော်အစိုးရသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းအားမြင့်မားအောင် ဖော်ဆောင်ပေးလျက်ရှိသည်။

ဤသို့ဖြင့် ချင်းပြည်နယ်သည် နိုင်ငံတော်၏ စေတနာမိုးများ သွန်းဖြိုးရာမြေ သွေးချင်းတို့ဌာနေအဖြစ် ညီနောင်သွေးချင်းသားချင်းများနှင့် တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်းကို ယခင်နှင့်ယခု လေ့လာနှိုင်းယှဉ်မှုဖြင့် မှတ်တမ်းတင်လိုက်ရပါသည်။

စိုက်ပျိုးရေး

တောတောင်ထူထပ်ပြီး မြေပြန့် လွင်ပြင်နည်းပါးသော ချင်းပြည်နယ်၌ တည်ရှိနေသော ရေမြေ သယံဇာတကို ပြည်နယ်သူ ပြည်နယ် သားများအတွက် အကျိုးဖြစ်ထွန်းအောင် နိုင်ငံတော်က ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။

၁၉၉၄ ခုနှစ် ဧပြီလ ၆ရက်နေ့က ချင်းပြည်နယ် ဖလမ်းမြို့နယ်တွင် စိုက်ပျိုးမြေဧက ၅၀၀ အကျိုးပြုမည့် လိုင်ဗားရေလှောင်တမံကို တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။ တောင်ထိပ်မှာကြာပေါက်အနောက်က နေထွက်ဟူသော ဆိုရိုးစကားကို အံ့ဖွယ်ဖြစ်ရပ်များ၌ ဥပမာတင်စားပြီး ပြောလေ့ရှိကြသည်။ နိုင်ငံတော်က ချင်းပြည်နယ်အတွက် လိုင်ဗားရေလှောင် တမံကို အခက်အခဲများအား ကျော်လွှားပြီး မဖြစ်မနေ တည်ဆောက် ပေးနိုင်ခဲ့သည်။ ဖလမ်းမြို့နယ်အတွင်းရှိ တောင်စောင်းမြေတွင် ကုန်းမြင့်လယ်ယာမြေ ဧက၅၀၀ ဖော်ထုတ်ပြီး ရေသွင်း စိုက်ပျိုးနိုင်ရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ် သည်။ လိုင်ဗားရေလှောင်တမံကြောင့် ချင်းပြည်နယ်တွင် စိုက်ပျိုးမြေဧရိယာနှင့် သီးနှံစိုက်ဧရိယာများ တိုးပွားလာခဲ့သည်။

တောတောင်ထူထပ် မတ်စောက်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရန် အခက်အခဲရှိသော ပြည်နယ်/တိုင်းဒေသများတွင် နိုင်ငံတော်က စိုက်ပျိုးမြေ တိုးတက်စေရေးအတွက် ကုန်းမြင့်လယ်ယာမြေ ဧက ၁၁ သိန်းကျော် ဖော်ထုတ်ရန် စီမံဆောင်ရွက်ပေးလျက်ရှိရာ ယခု ချင်းပြည်နယ်၌ ၁၂၇၆ ဧက ဖော်ထုတ်ထားပြီးဖြစ်သည်။

အလားတူ ဒေသနှင့်လိုက်ဖက်သော သီးနှံများကို စွမ်းအားပြည့် စိုက်ပျိုးနိုင်ရေးအတွက် အားပေးကူညီလျက်ရှိရာ ချင်းပြည်နယ်ကိုလည်း လက်ဖက်ပြည်နယ် ဖြစ်စေရေး ရည်မှန်းချက်ဖြင့် ပံ့ပိုးဖြည့်ဆည်းပေးနေသည်။ ဤသို့ဖြင့် ၁၉၈၈ ခုနှစ်က လက်ဖက်စိုက်ပျိုးမှုဧက ၁၅၈ ဧကသာရှိသော ချင်းပြည်နယ်တွင် ယခု ၃၅ ဆတိုးကာ ၅၅၃၃ ဧကအထိ စိုက်ပျိုးနိုင်ခဲ့သည်။

ဆက်လက်၍ ချင်းပြည်နယ် ဖလမ်းမြို့နယ်၌ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေဧကပေ သန်းပေါင်းခုနစ်သန်း ရှိသည့် မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဖော်ဆောင်ပေးမည်ဖြစ်ရာ လယ်မြေဧက များစွာကို စိုက်ပျိုးရေ ပေးဝေနိုင်မည်သာမက လျှပ်စစ်ဓာတ်အားလည်း ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်၏ အားပေးမြှင့်တင်မှုနှင့်အတူ ချင်းပြည်နယ်၏ စိုက်ပျိုးရေးစွမ်းအားသည် ၁၉၈၈ ခုနှစ်ကထက် ပိုမိုမြင့်မား ဆပွားတိုးတက်လာကြောင်းကို အထက်တစ်ဖက်ပါဇယားက ဖော်ပြနေပေသည်–

မွေးမြူရေးနှင့်ရေလုပ်ငန်း

သားငါးကဏ္ဍတွင်လည်း ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျမကျန်ရအောင် နိုင်ငံတော်က အားပေးကူညီ ဖြည့်ဆည်းပေးခဲ့သည်။ ၁၉၈၈ ခုနှစ်က ပြည်နယ်တစ်ခုလုံး၌ တိရစ္ဆာန်ကောင်ရေ ၁၀ သိန်းမျှသာ မွေးမြူနိုင်ခဲ့ရာမှ ယခု ကောင်ရေ ၁၉သိန်းနီးပါး မွေးမြူနိုင်ခဲ့သည်။ ယခင်က ငါးမွေးမြူရေးကန် ၁၆ဒသမ၁၇ဧကသာ ရှိခဲ့သည်။ ယခု ငါးမွေးမြူရေးကန် ဧက ၈၆ဒသမ၃၇ အထိ ရှိလာသည်။

နိုင်ငံတော်က ပြည်နယ်၏ ရေမြေသဘာဝနှင့်ကိုက်ညီသော တိရစ္ဆာန်များ မွေးမြူခြင်းဖြင့် ပြည်နယ်သူပြည်နယ်သားများ၏ လူမှုစီးပွားရေးဘဝ မြင့်မားအောင် အားပေးကူညီနေသဖြင့် ချင်းပြည်နယ်၌ ထူးထူးခြားခြား

တစ်ဧကအထွက်နှုန်း–တင်း

စုစုပေါင်းထုတ်လုပ်မှု–တင်း(ထောင်)

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
မြေသယံဇာတ			
– စိုက်ပျိုးမြေဧက	၂၀၉၆၂၅	၂၂၀၃၄၉	၁၀၇၂၄
– မြေလွတ်မြေရိုင်းဧက	၄၁၀၂၁၃၉	၃၁၀၀၉၅၇	–
စိုက်ပျိုးရေရရှိရေးကြိုးပမ်းမှု			
– ဆည်၊ကန်၊တာတမံ၊ရေနုတ်	မရှိ	၂	၂
– ချောင်းမြောင်းတမံပိတ်ဆို့မှု	မရှိ	၅၈	၅၈
– စုစုပေါင်းအကျိုးပြုဧက	မရှိ	၂၂၄၃	၂၂၄၃
သီးထပ်ဧကဖြစ်ထွန်းမှု	**၂၆၉၆**	**၁၃၇၁၈**	**၁၁၀၂၂**
စပါးတိုးမြှင့်စိုက်ပျိုးမှု			
– မိုးစပါးစိုက်ဧက	၈၆၇၈၁	၁၁၁၀၈၇	၂၄၃၀၆
– တစ်ဧကအထွက်နှုန်း*	၃၂.၅၂	၃၈.၅၆	၆.၀၄
– နွေစပါးစိုက်ဧက	မရှိ	၂၀၅	၂၀၅
– တစ်ဧကအထွက်နှုန်း*	မရှိ	၆၂.၀၀	၆၂.၀၀
– စုစုပေါင်းထုတ်လုပ်မှု	၂၈၀၅	၄၂၉၇	၁၄၉၂
ဒေသဝမ်းစာဖူလုံမှု	**–**	**၅၅%**	**၅၅%**
ပဲမျိုးစုံစိုက်ဧက	၂၆၇၈၇	၃၉၀၄၄	၁၂၃၅၇
ကြံစိုက်ဧက	၃၃၅	၇၅၇	၄၂၂
အစေ့ထုတ်ပြောင်းစိုက်ဧက	၆၄၃၈၃	၈၅၂၀၀	၂၀၈၁၇
လက်ဖက်စိုက်ဧက	၁၅၈	၅၅၃၃	၅၃၇၅
ဆီထွက်သီးနှံစိုက်ဧက			
– မြေပဲ	၇၅၁	၂၇၅၉	၂၀၀၈
– နေကြာ	၆၆၁	၄၅၉၄	၃၉၃၃
– မုန်ညင်း	၄၆၅	၁၅၀၉	၁၀၄၄
– ပန်းနှမ်း	၄၅၇	၂၉၃၄	၂၄၇၇

စီးပွားရေး အင်အားစုတစ်ခု တိုးတက်ဖြစ်ထွန်းလာသည်။ နွားနောက် မွေးမြူရေးကဏ္ဍသစ်ဖြစ်ပြီး ယခုအခါ ကောင်ရေ ၃၉၀၀၀ အထိ မွေးမြူထားနိုင်သည်။

သစ်တောပြုစုပျိုးထောင်မှု

နိုင်ငံတော်နှင့် ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ချင်းပြည်နယ်၏ သစ်တောပြုစု ပျိုးထောင်မှုကဏ္ဍသည် ယခင်ကာလထက် ပိုမိုတိုးတက်လျက်ရှိသည်။ ကြိုးပြင်ကာကွယ်တောများ သတ်မှတ်ထိန်းသိမ်းနိုင်ပြီး သစ်တောစိုက်ခင်း ထူထောင်နိုင်မှုကလည်း အားတက်ဖွယ်ဖြစ်သည်။ ယခင်ကာလက လူထုလှုပ်ရှားမှုဖြင့် သစ်ပင်စိုက်ပျိုးခဲ့သော်လည်း ပျိုးပင်ငါးသောင်းမျှသာ စိုက်နိုင်ခဲ့သည်။ မျက်မှောက်ခေတ်၌ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအင်အား မြင့်မားလာသည်။ ယခုအခါ ပျိုးပင် ၅၄၃၀၀၀၀ စိုက်ပျိုးထားနိုင်သည်။ ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု သာဓကတစ်ခုကို အောက်ပါဇယားက ဖော်ပြနေသည်–

*** စတုရန်းမိုင်**

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ကြိုးဝိုင်းတော*	၆၀၅	၆၉၆	၉၁
ကြိုးပြင်ကာကွယ်တော*	မရှိ	၁၃၃၅	၁၃၃၅
သစ်တောစိုက်ခင်းထူထောင်ခြင်း	**၁၀၀၀**	**၂၃၅၈၀**	**၂၂၅၈၀**
– စီးပွားရေးစိုက်ခင်း	၁၀၀၀	၁၉၂၃၀	၁၈၂၃၀
– ကျေးရွာသုံးစိုက်ခင်း	မရှိ	၃၂၀၀	၃၂၀၀
– ရေဝေရေလဲစိုက်ခင်း	မရှိ	၁၁၅၀	၁၁၅၀
– သစ်ဆိမ့်ပင်စိုက်ခင်း	မရှိ	၃၀၀	၃၀၀

ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး

တောင်များ ထူထပ်မတ်စောက်သော ချင်းပြည်နယ်၏ လမ်းအလျားကိုလည်း နိုင်ငံတော်က ပိုမိုရှည်လျား ကြံ့ခိုင်အောင် ဖော်ဆောင်မြှင့်တင်ပေးနေသည်။ မြေလမ်းအဆင့်မှ ကျောက်ခင်းလမ်း၊ ကျောက်ခင်းလမ်းမှ ကတ္တရာလမ်း အဆင့်သို့ တိုးချဲ့မြှင့်တင်ပေးလျက်ရှိရာ ကလေး–ဖလမ်း–ဟားခါးလမ်း ၁၁၅မိုင် ဆောင်ရွက် ပြီးစီးခဲ့သည်။

ပြည်နယ်အတွင်းရှိ ဂန့်ဂေါ–ဟားခါးလမ်း မိုင် ၇၀ နှင့် ၄ ဖာလုံ၊ မင်းတပ်–မတူပီလမ်း ၁၀၂မိုင် ၊ ဟားခါး–မတူပီလမ်း ၁၇၂မိုင်၇ဖာလုံ ၊ ကလေး–ဖလမ်း–ဟားခါးလမ်း ၁၁၅မိုင်၁ဖာလုံ ၊ မကွေးတိုင်းနှင့် ဆက်စပ်နေသည့် ကျောက်ထု–မင်းတပ်လမ်းတို့ကို တိုးချဲ့ဖောက်လုပ် အဆင့်မြှင့်တင်ပေးလျက်ရှိသည်။

ထို့အပြင် ချင်းပြည်နယ်၏ ဝင်ပေါက်/ထွက်ပေါက်လမ်းများဖြစ်သည့် မန္တလေး–စစ်ကိုင်း–မုံရွာ–ဂန့်ဂေါ– ဟားခါးလမ်းနှင့် ပခုက္ကူ–ပေါက်–တပျဉ်း–ကျောက်ထု–မင်းတပ်လမ်းကိုလည်း အပိုင်းလိုက် အဆင့်မြှင့်တင်ပေးနေသည်။

၂၀၀၄ ခုနှစ် ဇူလိုင် ၁၀ ရက်နေ့က မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့၌ ကာကွယ်ရေး ဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူတည်ဆောက်ပေးခဲ့သော ကျောက်ထုလေဆိပ်ကို ဖွင့်လှစ်နိုင်ခဲ့ရာ ချင်းပြည်နယ် တောင်ပိုင်းနှင့် မကွေးတိုင်း ယောဒေသ၊ ပခုက္ကူဒေသတို့ ဆက်စပ်လျက် ချင်းပြည်နယ် တောင်ပိုင်း၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကိုပါ မြှင့်တင်ပေးလိုက်ခြင်းဖြစ်သည်။

ကျောက်ထုမြို့မှ ဆော၊ ထိုမှတစ်ဆင့် ချင်းပြည်နယ် ကန်ပက်လက်–မင်းတပ်သို့လည်းကောင်း၊ အဓိကအားဖြင့် ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်–မတူပီသို့လည်းကောင်း ကားလမ်းခရီးဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်သည်။

၁၉၈၈ ခုနှစ်က ချင်းပြည်နယ်တွင် ပေ ၁၈၀ အထက်တံတားဟူ၍ တွန်းဇံမြို့နယ်၌ ပေ ၂၇၀ ရှိသည့် နတ်ဇံတံတားနှင့်မတူပီမြို့နယ်၌ ပေ၂၄၀ ရှိသည့် လည်မျိုတံတားတို့သာ ရှိခဲ့သည်။ တပ်မတော်အစိုးရလက်ထက်တွင် ၁၉၉၈ ခုနှစ်၌ ဖလမ်းမြို့နယ် ကလေး–ဟားခါးလမ်းပေါ်တွင် မဏိပူရမြစ်ကို ဖြတ်လျက် ပေ ၃၄၀ အရှည်ရှိသည့် ဗားရ်တံတားကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ်၌ တီးတိန်မြို့နယ် တီးတိန်–ကပ်တဲလ်–ရိဒ်ရေကန်လမ်းပေါ်တွင် မဏိပူရမြစ်ကိုဖြတ်လျက် ပေ ၄၈၀ အရှည်ရှိသည့် ကပ်တဲလ်တံတားကိုလည်းကောင်း တိုးမြှင့်တည်ဆောက်ပေးခဲ့သည်။

ဆက်လက်၍ တီးတိန်–ရိဒ်ရေကန်လမ်းအပိုင်းတွင်ပင် မဏိပူရမြစ်ကို ဖြတ်လျက် အရှည်ပေ ၄၆၀ ရှိသည့် မံဆောင်းတံတားကို တည်ဆောက်ပေးလျက်ရှိရာ ယခင်နှင့်မတူ တစ်မူထူးခြား တိုးတက်လာသော ချင်းပြည်နယ်၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို အောက်ပါအတိုင်း လေ့လာတွေ့ရှိနိုင်ပေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ကားလမ်း	**၆၉၅/၀**	**၁၀၆၁/၆**	**၃၆၆/၆**
– ကတ္တရာလမ်းမိုင်	၄၀/၀	၁၄၅/၅	၁၀၅/၅
– ကျောက်ခင်းလမ်းမိုင်	၅/၀	၃၂၆/၂	၃၂၁/၂
တံတား			
– ပေ(၁၈၀)အထက်	၂	၅	၃
– ပေ(၁၈၀)အောက်	၃၇	၄၇	၁၀

ဆက်သွယ်ရေး

ချင်းပြည်နယ်၏ လမ်းတံတားအင်အား မြင့်မားလာသကဲ့သို့ ဆက်သွယ်ရေးစွမ်းအား ပိုမိုမြင့်မားစေရန် နိုင်ငံတော်က ဖြည့်ဆည်းပေးခဲ့သည်။ ချင်းပြည်နယ်၏ တယ်လီဖုန်းသိပ်သည်းဆ မြင့်တက်လာမှု၊ ဆက်သွယ်ရေးစွမ်းအား ဆပွား တိုးတက်နေပုံကို ၁၉၈၈ ခုနှစ်ကာလနှင့် မျက်မှောက်ကာလ နှိုင်းယှဉ်မှုကိုကြည့်ရှုလျှင် ထင်ရှားစွာတွေ့ရှိရမည်ဖြစ်သည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
စာတိုက်စခန်း	၂၉	၄၅	၁၆
ကြေးနန်းရုံး	၁၁	၂၀	၉
ဖက်စ်စီမီလီ	မရှိ	၂၃	၂၃
ကွန်ပျူတာကြေးနန်း	မရှိ	၁	၁
တယ်လီဖုန်းလုပ်ငန်း			
– တယ်လီဖုန်းရုံး	၈	၂၄	၁၆
– လိုင်းအင်အား	၃၉၀	၃၄၁၈	၃၀၂၈
– အိတ်ချိန်း	၈	၁၃	၅
– တိုက်ရိုက်လိုင်း	၂၄၃	၃၄၆၀	၃၂၁၇
– အော်တို/လက်သုံးတယ်လီဖုန်း	၂၄၃	၂၈၆၄	၂၆၂၁
– တယ်လီဖုန်းသိပ်သည်းဆ *	၁.၀၅	၅.၇၁	၄.၆၆
မိုက္ကရိုဝေ့ဖ်စခန်း	မရှိ	၆	၆
ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	မရှိ	၁၁	၁၁
အီးမေးလ်၊အင်တာနက်	မရှိ	၂	၂
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်း			
– VSAT	မရှိ	၁	၁
– iPSTAR	မရှိ	၂	၂

*** (လူ၁၀၀၀လျှင်)**

လျှပ်စစ်စွမ်းအား

ဒေသအတွင်းရှိ မြေသယံဇာတကို ပြည်နယ်သူ ပြည်နယ်သားများအတွက် ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးချနိုင်ရန် နိုင်ငံတော်က ဖော်ဆောင်ပေးလျက်ရှိသဖြင့် ချင်းပြည်နယ်၏ ဓာတ်အားသုံးစွဲနိုင်မှု တိုးတက်လာခဲ့သည်။

၁၉၈၈ ခုနှစ်မတိုင်မီက ချင်းပြည်နယ်တွင် ဇာလွီး(တီးတိန်မြို့နယ်)၊ ဒေါင်ဗား(ဟားခါးမြို့နယ်)၊ ငစစ်ဗား (ဖလမ်းမြို့နယ်)နှင့် ပလက်ဝ(ပလက်ဝမြို့နယ်)ဟူ၍ အသေးစား ရေအားလျှပ်စစ်စက်ရုံလေးရုံ ရှိခဲ့သည်။ တပ်မတော်

စာမျက်နှာ ၁၀ သို့

၁၉၈၈ ခုနှစ်နောက်ပိုင်း

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု

ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံရှိ ပြင်ပလူနာဌာနကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ရုပ်မြင်သံကြားအစီအစဉ်များ ထုတ်လွှင့်ပေးလျက်ရှိသော ချင်းပြည်နယ် ဟားခါးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

တိုင်းရင်းသားလူငယ်များ အခြေခံပညာ သင်ကြားနိုင်မည့် ချင်းပြည်နယ် ဟားခါးမြို့ရှိ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး အတွက် ချင်းပြည်နယ် ကလေး–ဟားခါး လမ်းပေါ်တွင် ၁၉၉၈ ခုနှစ် မတ်လ ၁၃ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည့် မဏိပူရမြစ်ကူး ဗားရိတံတားကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

စာမျက်နှာ ၈ မှ

အစိုးရလက်ထက်တွင် ဒီဇယ်ဆီသုံး ဓာတ်အားပေးစက်ရုံလေးရုံနှင့် ရေအားလျှပ်စစ်စက်ရုံလေးရုံ ထပ်မံတည်ဆောက်ပြီး ချင်းပြည်နယ်၏ ဓာတ်အားသုံးစွဲနိုင်မှုကို မြှင့်တင်ပေးခဲ့သည်။

ထပ်မံဖြစ်ထွန်းလာသည့် ရေအားလျှပ်စစ်စက်ရုံ လေးရုံမှာ မတူပီမြို့နယ်တွင် နမ့်လောင်ချောင်း ၀ဒသမ၂မဂ္ဂါ၀ပ်၊ ဖလမ်းမြို့နယ်တွင် လိုင်ဗား ၀ဒသမ ၆မဂ္ဂါ၀ပ်၊ တွန်းဇံမြို့နယ်တွင် ထွီးဆောင်း ၀ဒသမ၂မဂ္ဂါ၀ပ် နှင့် မင်းတပ်မြို့နယ်တွင် ချိုချောင်း ၀ဒသမ၂မဂ္ဂါ၀ပ် တို့ဖြစ်သည်။

ဆက်လက်၍ ချင်းပြည်နယ် ဖလမ်းမြို့နယ်၌ မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်းကြီး ဖော်ဆောင်သွားဦးမည်ဖြစ်ကြောင်း သတင်းကောင်းပါးရင်း ချင်းပြည်နယ်၏ လျှပ်စစ်စွမ်းအားကဏ္ဍ တိုးတက်မှုဇယားကို မှတ်တမ်းတင် ဖော်ပြလိုက်ပါသည်-

ဓာတ်အားသုံးစွဲမှု-ယူနစ်(သန်း)
*** မဂ္ဂါ၀ပ်**

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဓာတ်အားသုံးစွဲမှု	၁.၅၅၂	၄.၉၅၁	၃.၃၉၉
အမြင့်ဆုံး၀န်အား*	၂.၀၀၀	၄.၀၀၀	၂.၀၀၀
ဓာတ်အားတိုးမြှင့်ထုတ်လုပ်မှု			
- ရေအားလျှပ်စစ်စက်ရုံ	**၄**	**၈**	**၄**
- ဒီဇယ်ဆီသုံးစက်ရုံ	၁၉	၂၃	၄
လက်ရှိစက်တပ်ဆင်အင်အား	**၂.၇၀၉**	**၃.၉၅၂**	**၁.၂၄၃**

စက်မှုလက်မှု

ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့လျင်မြန်လာပြီး လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှု တိုးတက်လာသော ချင်းပြည်နယ်တွင် ပုဂ္ဂလိကစက်ရုံများ ရာနှင့်ချီ ဖြစ်ထွန်းလာသည်။ ယခင်က ပုဂ္ဂလိကစက်ရုံ ၃၄၃ ရုံသာ ရှိခဲ့ရာမှ ယခု ၁၅၃ ရုံတိုးပြီး ၄၉၆ ရုံအထိ ရှိလာသည်။ နိုင်ငံပိုင်စက်ရုံ ယခင်က ငါးရုံသာရှိရာ ယခု ရှစ်ရုံအထိ တိုးချဲ့တည်ဆောက်ပေးထားသည်။ လက်ဖက်ပြည်နယ်အဖြစ်သို့ ဦးတည်ချီတက်နေသော ချင်းပြည်နယ်တွင် စက်မှုကဏ္ဍ ပိုမိုမြင့်မားရေး နိုင်ငံတော်က တိုးမြှင့်ဆောင်ရွက်ပေးနေသည်။

ပညာရေး

လူဦးရေငါးသိန်းကျော်သာရှိသော ချင်းပြည်နယ်၏ ပညာရေးကဏ္ဍသည် နိုင်ငံတော်၏ အားပေးမြှင့်တင်မှုနှင့်အတူ အားတက်ဖွယ် ကောင်းလောက်အောင် မြင့်မားတိုးတက်လျက်ရှိသည်။ အခြေခံပညာကျောင်းသားအင်အား တစ်သိန်းကျော်ရှိရာ လက်ရှိလူဦးရေ၏ ငါးပုံတစ်ပုံပင်ဖြစ်သည်။

နိုင်ငံတော်က အခြေခံပညာသင်ယူနိုင်မှု အခွင့်အလမ်း ပွင့်လန်းစေရန်အတွက် ကျောင်းပေါင်း ၉၁ ကျောင်း ထပ်မံဖွင့်လှစ်ပေးခဲ့သည်။ အဆင့်မြင့်ပညာကိုလည်း ပြည်နယ်အတွင်းမှာပင် လက်လှမ်းတမီ သင်ယူနိုင်စေရန် ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးခဲ့သဖြင့် ယခင်က အခြားဒေသများသို့ သွားရောက်ပညာသင်ခဲ့ရသည့် အခက်အခဲကို ကျော်လွှားလွန်မြောက်စေခဲ့သည်။ ဤသို့ဖြင့် ချင်းပြည်နယ်၏ ပညာရေးအဟောသိက်ဖြစ်မှုနှုန်းမှာ အလွန်ပင်နည်းပါးသွားသည်။

မျက်မှောက်ကာလ၌ နိုင်ငံတော်၏ အနှစ်(၃၀) နှစ်ရှည်ပညာရေးစီမံကိန်းနှင့်အတူ မြင့်မားတိုးတက်ပြီး ဝင့်ကြွားထိုးထွက်လာမည့် ချင်းပြည်နယ်၏ ပညာရေးကဏ္ဍ အလားအလာကောင်းများကို အောက်ပါဇယားက ညွှန်ပြနေပေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
အခြေခံပညာပျိုးထောင်မှု			
- ကျောင်းအင်အား	၁၀၉၁	၁၁၈၂	၉၁
- မာလ်တီမီဒီယာစာသင်ခန်း	မရှိ	၂၈	၂၈
- e-Learning Centre	မရှိ	၁၆	၁၆
- ဆရာ၊ဆရာမဦးရေ	၂၉၈၂	၄၂၂၉	၁၂၄၇
- ကျောင်းသားဦးရေ	၆၂၆၆၀	၁၁၀၀၆၃	၄၇၄၀၃
- သူငယ်တန်းကျောင်း၀င်နှုန်း	၆၇.၉၇%	၉၂.၉၆%	၂၄.၉၉%
- သက်ကြီးစာတတ်မြောက်မှုနှုန်း	၅၆.၈၇%	၈၃.၃၀%	၂၆.၄၃%
- ပညာရေးအဟောသိက်ဖြစ်မှုနှုန်း			
- မူလတန်းအဆင့်	၄၀.၇၃%	၁၂.၈၈%	၂၇.၈၅%
- အလယ်တန်းအဆင့်	၄၀.၇၉%	၁၁.၃၇%	၂၉.၄၂%
အဆင့်မြင့်ပညာမြှင့်တင်မှု			
- ဝိဇ္ဇာသိပ္ပံတက္ကသိုလ်	မရှိ	၁	၁
- e-Learning Centre	မရှိ	၁၆	၁၆
- သင်ကြားရေးအစီအစဉ်များ	မရှိ	၃၉	၃၉
- ဆရာ၊ဆရာမဦးရေ	မရှိ	၁၃၆	၁၃၆
- ကျောင်းသားဦးရေ	မရှိ	၉၇၀၅	၉၇၀၅
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန	**မရှိ**	**၁**	**၁**

သိပ္ပံနှင့်နည်းပညာကဏ္ဍ

ချင်းပြည်နယ်၏ပညာရေးကို မြင့်မားတိုးတက်စေသကဲ့သို့ သိပ္ပံနှင့်နည်းပညာရှင်များ ပေါ်ထွက်လာအောင်လည်း အခြားပြည်နယ်နှင့် တိုင်းများနည်းတူ နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးထားသည်။ ကလေးမြို့တွင် အစိုးရနည်းပညာ ကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ် ဖွင့်လှစ်ပေးထားသဖြင့် ပညာရှင် ၆၀၀ နီးပါး မွေးထုတ်ပေးနိုင်ခဲ့ပြီး လက်ရှိကျောင်းသား ၇၂၂ ဦး ပညာဆည်းပူးလျက်ရှိသည်။ မျက်မှောက်ခေတ်၌ နိုင်ငံတော်က ဖော်ဆောင်ပေးလျက်ရှိသော ချင်းပြည်နယ်၏ သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အောက်ပါအတိုင်း လေ့လာတွေ့ရှိနိုင်သည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
အစိုးရနည်းပညာကောလိပ်(ကလေး)	မရှိ	၁	၁
- သင်တန်းအရေအတွက်	မရှိ	၅	၅
- ဆရာ ဆရာမဦးရေ	မရှိ	၅၅	၅၅
- ကျောင်းသားဦးရေ (မွေးထုတ်ပြီး)	မရှိ	၅၂၅	၅၂၅
- ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၄၉၂	၄၉၂
အစိုးရကွန်ပျူတာကောလိပ်(ကလေး)	မရှိ	၁	၁
- သင်တန်းအရေအတွက်	မရှိ	၄	၄
- ဆရာ ဆရာမဦးရေ	မရှိ	၁၇	၁၇
- ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၃၂	၃၂
- ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၂၃၀	၂၃၀

ကျန်းမာရေး

ချင်းပြည်နယ်၏ ကျန်းမာရေးကဏ္ဍကိုကြည့်လျှင် လူဦးရေအချိုးအစားနှင့်အညီ တိုးပွားမြင့်မားနေကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ခုတင်(၁၅၀)ဆံ့ ဆေးရုံကို အဆင့်မြှင့်တင်ပေးပြီး (၂၅)ခုတင်ဆံ့ ဆေးရုံတစ်ရုံကို ခုတင်(၅၀) ဆံ့သို့လည်းကောင်း၊ ခုတင်(၅၀)ဆံ့နှစ်လုံးကို ခုတင်(၁၀၀)ဆံ့ အဖြစ်သို့လည်းကောင်း တိုးမြှင့်တည်ဆောက်ပေးခဲ့သည်။ တိုက်နယ်ဆေးရုံခြောက်ရုံကိုလည်း အသစ်ဖွင့်လှစ်ပေးထားသည်။

အထူးကုနှင့် လက်ထောက်ဆရာ၀န်အင်အား ယခင်ကထက် နှစ်ဆရှိလာသည်။ သူနာပြုအင်အား ၁၀၀ ကျော် တိုးတက်လာသည်။ တိုင်းရင်းဆေးပေးခန်း ခုနစ်ခန်းအထိ ရှိလာခဲ့သည်။ ဒေသအတွင်း သူနာပြုအင်အား ထပ်မံတိုးပွား လာစေရေးအတွက် သူနာပြုသင်တန်းကျောင်းကိုလည်း ဖွင့်လှစ်ပေးထားသည်။

ချင်းပြည်နယ်၏ လူ့မျှော်မှန်းသက်တမ်း မြင့်တက်မှုကို အခြားပြည်နယ်နှင့်တိုင်းများနည်းတူ မြင့်တက်အောင် ဖော်ဆောင်ပေးနေသော နိုင်ငံတော်၏ စေတနာကို အောက်ပါဖွံ့ဖြိုးတိုးတက်မှု နှိုင်းယှဉ်ချက်ဇယားကိုကြည့်လျှင် တွေ့ရှိ နိုင်ပေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဆေးရုံများတိုးချဲ့မြှင့်တင်မှု	၁၈	၂၄	၆
ကျန်းမာရေးဌာနများ	၆၆	၆၇	၁
ကျန်းမာရေး၀န်ထမ်းများ	**၆၂၉**	**၈၄၅**	**၂၁၆**
- ဆရာ၀န်	၇၃	၁၄၆	၇၃
- သူနာပြု	၉၄	၂၀၃	၁၀၉
- သားဖွားဆရာမ	၃၀၉	၃၃၀	၁၁
- လက်ထောက်ကျန်းမာရေးမှူး(၁)	မရှိ	၉	၉
လူ့မျှော်မှန်းသက်တမ်းမြင့်တက်မှု(နှစ်)			
- ကျေးလက်			
- အမျိုးသား	၅၆.၂	၆၀.၈	၄.၆
- အမျိုးသမီး	၆၀.၄	၆၃.၃	၂.၉
- မြို့ပြ			
- အမျိုးသား	၅၉.၀	၆၁.၅	၂.၅
- အမျိုးသမီး	၆၃.၂	၆၅.၆	၂.၄

မြို့ရွာစည်ပင်ဖွံ့ဖြိုးမှု

ချင်းပြည်နယ်တွင် ယခင်က မြို့ပြလမ်းဟူ၍ ကတ္တရာလမ်း ငါးမိုင်ကျော်သာ ရှိခဲ့သည်။ ယခုအခါ ကတ္တရာ လမ်း ၁၁ မိုင် အပါအ၀င် မြို့ပြလမ်း ၄၆ မိုင်နီးပါး တိုးတက်ခဲ့သည်။ ကျေးလက်တံတား ခုနစ်စင်းနှင့် မြို့ပြတံတား ၁၉ စင်းရှိလာသည်။

ယခင်က ကျေးရွာချင်းဆက်လမ်း ၁၇၅ မိုင်သာရှိခဲ့ရာမှ ယနေ့ခေတ်ကာလ၌ ၄၁၅ မိုင်အထိ ရှိနေသည်။ မြို့ရေပေးရေးလုပ်ငန်းအဖြစ် မြို့ကိုးမြို့တွင် ဆောင်ရွက်ရန်ရှိခဲ့ရာ လုပ်ငန်းအားလုံးပြီးစီးအောင် ဖော်ဆောင်ပေးနိုင်ခဲ့သည်။ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ကျေးရွာ ၈၅ ရွာတွင် လုပ်ငန်းများဆောင်ရွက်ပေး နိုင်ခဲ့သည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်က ပြည်နယ်၏အတွင်းပိုင်းကျသော မြို့ရွာများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသည့်နည်းတူ ဆေးလံသီခေါင်သောဒေသရှိ တိုင်းရင်းသား

များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ချင်းဒေသကိုပါ အောက်ပါအတိုင်း ထည့်သွင်းဆောင်ရွက်ပေးလျက်ရှိသည်။

ချင်းပြည်နယ်အတွင်းမှ တိုင်းရင်းသားလူငယ်မောင်မယ်များ အသက်မွေးမှုပညာတတ်မြောက်ပြီး လူမှုစီးပွားရေးဘ၀ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် အိမ်တွင်းမှု သက်မွေးပညာ သင်တန်းကျောင်း ခြောက်ကျောင်းကို ကန်ပက်လက်၊ မင်းတပ်၊ မတူပီ၊ တီးတိန်၊ ဟားခါးနှင့်ဖလမ်းတွင်လည်းကောင်း၊ လူငယ် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း ကိုးကျောင်းကို မတူပီ၊ ကန်ပက်လက်၊ ဖလမ်း၊ ထန်တလန်၊ တွန်းဇံ၊ ဟားခါး၊ တီးတိန်နှင့် မင်းတပ် (နှစ်ကျောင်း)တွင် လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ပေးထားပေသည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
တံတား			
- မြေလမ်းမိုင်	မရှိ	၁၆၉/၄	၁၆၉/၄
- ကျောက်လမ်းမိုင်	မရှိ	၂၈/၇	၂၈/၇
- ကတ္တရာလမ်းမိုင်	မရှိ	၄/၁	၄/၁
- လမ်းပြုပြင်ထိန်းသိမ်းမှုမိုင်	မရှိ	၃၉၂/၄	၃၉၂/၄
- ကြိုးတံတား	မရှိ	၁	၁
ကျန်းမာရေး			
- ဆေးရုံ/ဆေးပေးခန်း	မရှိ	၇	၇
ပညာရေး			
- (ထက်/လယ်/မူ)ကျောင်း	မရှိ	၁၇	၁၇
- ဆရာ၊ဆရာမဦးရေ	မရှိ	၁၃၂	၁၃၂
- ကျောင်းသားဦးရေ	မရှိ	၃၇၉၇	၃၇၉၇
ရေရရှိရေးလုပ်ငန်း	**မရှိ**	**၈**	**၈**
မွေးမြူရေး			
- တိမွေးကုရုံ	မရှိ	၁	၁
ပြည်သူ့ဆက်ဆံရေး			
- ရုပ်/သံလွှင့်စက်ရုံ	မရှိ	၅	၅
ဆက်သွယ်ရေး			
- တယ်လီဖုန်းလုပ်ငန်း	မရှိ	၃	၃
အိမ်တွင်းမှုသက်မွေးပညာသင်တန်း	**မရှိ**	**၆**	**၆**
- ဆရာ၊ဆရာမဦးရေ	မရှိ	၄၂	၄၂
- ကျောင်းသားဦးရေ	မရှိ	၁၅၈၃	၁၅၈၃
လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း	**မရှိ**	**၉**	**၉**
- ဆရာ၊ဆရာမဦးရေ	မရှိ	၄၉	၄၉
- ကျောင်းသားဦးရေ	မရှိ	၂၆၅၂	၂၆၅၂
အကုန်အကျခံသုံးစွဲမှု	**မရှိ**	**၁၁၅၅.၈၉**	**၁၁၅၅.၈၉**
- ဖွံ့ဖြိုးရေးရန်ပုံငွေ	မရှိ	၆၇၈.၀၁	၆၇၈.၀၁
- ၀န်ကြီးဌာနများ	မရှိ	၄၇၇.၈၈	၄၇၇.၈၈

*** ကျပ်(သန်း)**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး

နိုင်ငံတော်က ပြည်နယ်/တိုင်း ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်မည်၊ ဒေသအလိုက် ဆူကြုံနိမ့်မြင့် ကွာဟမှုလျော့ပါးအောင် ဟန်ချက်ညီညီ ဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဟူသော ရည်မှန်းချက်များဖြင့် နိုင်ငံတစ်၀န်းလုံး ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးလျက်ရှိကြောင်း သတင်းပြန်ကြားချက်ကို ပြန်ကြားရေး ကဏ္ဍက ထုတ်လွှင့်ဖြန့်ဝေ ပို့ဆောင်ပေးလျက်ရှိသည်။ တိုင်းရင်းသားသွေးချင်းသားချင်းများအားလုံး စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ ညီညာဖြဖြ ချီတက်ကြရေးအတွက် ချင်းပြည်နယ်၏ ပြန်ကြားရေးကဏ္ဍကို အောက်ပါအတိုင်း တိုးမြှင့်ဆောင်ရွက်ပေးနေပေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
- ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ	၃	၁၁	၈
- ပြန်/ဆက်ရုံးများ	မရှိ	၁၁	၁၁
- ပြန်/ဆက်စာကြည့်တိုက်	မရှိ	၁၁	၁၁
- ကျေးလက်စာကြည့်တိုက်	မရှိ	၁၆၀	၁၆၀

စာမျက်နှာ ၆ မှ

သည့် ကျေးရွာများတွင် ရေတွင်းရေကန်များ တူးဖော်ခြင်း ၁၀ ခု၊ ရေကန်ပြုပြင်တူးဖော်ခြင်း ၂၃ ခုကို ဆောင်ရွက်နိုင်ခဲ့ပြီး လက်နှိပ်ရေတုံကင်များ တပ်ဆင်ပေးခြင်းလုပ်ငန်းများကို မိမိတို့ စစ်တွေခရိုင်အသင်းအဆင့်ဆင့်က ငွေအား လူအားများဖြင့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ယင်းသို့ဆောင်ရွက်ပေးနိုင်သည့်အတွက် နွေရာသီရောက်လျှင် ရေရှားပါးမှုဒဏ်ကိုခံစားခဲ့ရသည့် ကျေးရွာအချို့တွင် ယခုအခါ

စစ်တွေခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ စစ်တွေခရိုင်ပေါက်တောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဖုံမိုးနုက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရေလုံလောက်စွာ ရရှိနေပြီဖြစ်၍ ဝမ်းသာပီတိဖြစ်လျက်ရှိနေကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်ချက်များသည် နတ်လူသာခု ခေါ်ကောင်းသည့် လုပ်ငန်းကောင်းများ ဖြစ်သည့်အတွက် မိမိတို့အသင်း အဆင့်ဆင့်ကဆက်လက်ပြီးကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန်အတွက် အမျိုးသားပညာရည်မြှင့်တင်ရေးသည် အဓိကလိုအပ်ချက် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး ပညာရည်အဆင့်အတန်း မြင့်မားလာစေရန် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ပေးနေချိန်ဖြစ်ကြောင်း၊ မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်ကလည်း အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် **'ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့'** ဆိုသည့်ဆောင်ပုဒ်ကို နှလုံးသားတွင် ရင်ဝယ်ပိုက်ပြီး ပညာရေးကဏ္ဍ မြင့်မားအောင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ပေးနေကြောင်း၊ မိမိတို့ခရိုင်အတွင်းကျေးလက်ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံပညာကျောင်းများ ဥပမိရပ်ကောင်းမွန်လာအောင် ပြုပြင်ခြင်း၊ အမိုးအကာများ ပြုလုပ်ပေးခြင်း၊ ခုံစည်းရိုးများ ကာရံပေးခြင်းနှင့်ကျောင်းသုံးပရိဘောဂပစ္စည်းများဖြစ်သည့်စားပွဲ၊ကုလားထိုင်၊ စာတင်ရေးခုံ၊ သင်ပုန်းကြီး စသည့်ပစ္စည်းများကို လှူဒါန်းပေးလျက်ရှိကြောင်း၊ ၂၀၀၅ခုနှစ် ဇန်နဝါရီလအတွင်းတွင် စစ်တွေခရိုင်အတွင်း အသင်းအဆင့်ဆင့်အနေဖြင့် စာတင်ရေးခုံ ၅၀၀ ကာလတန်ဖိုးငွေ ၂၅သိန်းကျော်ခန့်ရှိသည့် ပရိဘောဂပစ္စည်းများကို ကျောင်းသုံးပရိဘောဂ ပစ္စည်းလုံလောက်မှုမရှိသည့် မူလတန်းကျောင်း၊ မူလတန်းလွန်ကျောင်းများသို့ လှူဒါန်းပေးနိုင်ခဲ့ကြောင်း၊ မိမိတို့အသင်းက ဆောင်ရွက်ပေးနိုင်

သည့်အတွက် ကလေးများအတွက် ပညာသင်ကြားရေးတွင် များစွာအထောက်အကူ ပြုနိုင်ခဲ့ကြောင်း၊ အမိုးအကာများ ပျက်စီးနေသည့် စာသင်ကျောင်းများတွင် အမိုးအကာများ ပြန်လည်ကောင်းမွန်လာရေးအတွက် မိမိတို့အသင်းက သွပ်ပြားအချပ် ၁၅၀၀ ကို လှူဒါန်းပေးနိုင်ခဲ့ပြီး ဘိလပ်မြေ၊ အုတ်စသည့် ပစ္စည်းများကိုလည်း လှူဒါန်းနိုင်ခဲ့ကြောင်း။

ကျေးလက်ဒေသ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ စစ်တွေခရိုင် မြေပုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်သိန်းက ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး လစဉ်ထုတ်မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များကိုလည်းလှူဒါန်းပေးနိုင်ခဲ့ကြောင်း။

ပစ္စည်းများလှူဒါန်း

ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးအခြေအနေသည်လည်း နိုင်ငံတော်၏စနစ်တကျ စောင့်ရှောက်ပေးမှု၊ မိမိတို့အသင်းဝင်များနှင့် မိတ်ဖက် အဖွဲ့အစည်းများ၏ စည်းရုံးဆောင်ရွက်မှုများကြောင့် တစ်ဦးချင်းတစ်ရွာချင်း ကျန်းမာရေးအခြေအနေကောင်းများ ရရှိလာနေပြီဖြစ်ကြောင်း၊ မိမိတို့ စစ်တွေခရိုင် အတွင်းရှိကျေးလက် ကျန်းမာရေး မြှင့်တင်ရေးလုပ်ငန်းများအနေဖြင့် ကျန်းမာရေးအသိပညာပေးနိုင်ခဲ့ကြောင်း၊ ကျန်းမာရေးဌာနမှ အထူးကုဆရာဝန်ကြီးများ ကျေးလက်ဒေသအရောက် ကွင်းဆင်းဆောင်ရွက်ပြီး ဆေးကုသပေးသည့်အခါတွင်လည်း အသင်းဝင်များက လိုအပ်သည့် အကူအညီများပေးခဲ့သကဲ့သို့ ကျေးလက်ဆေးပေးခန်းများ ပြုပြင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းများတွင်လည်း အသင်းဝင်များက ပါဝင်ကူညီဆောင်ရွက်ပေးကြခြင်း၊ ဆောက်လုပ်ရေးအတွက် လိုအပ်သည့် ဘိလပ်မြေနှင့်သွပ်ပြားများ လှူဒါန်းပေးခြင်း၊ ဆေးဝါးများလှူဒါန်းပေးခြင်း၊ ယင်လုံအိမ်သာများဆောက်လုပ်ရေးအတွက် စည်းရုံးဆောင်ရွက်ခြင်းနှင့် ပစ္စည်းများလှူဒါန်းပေးလျက်ရှိကြောင်း။

ကျေးလက်နေ ပြည်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာရှိ အိမ်ထောင်စုများတွင် တစ်ပိုင်တစ်နိုင် မွေးမြူနိုင်ရန် ကြက်၊ ဝက်၊ ဆိတ်များ ထောက်ပံ့ကူညီပေးခဲ့သကဲ့သို့ ကျေးလက်နေပြည်သူများအတွက် မီးဖိုချောင်သီးနှံမျိုးစေ့များ၊အထွက်ကောင်းမျိုးစပါးများ၊ နည်းပညာများကို စိုက်ပျိုးရေးဌာနများနှင့် ပူးပေါင်းပြီး တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် တိုးတက်ရေးတွက် နယ်မြေလူထုအကျိုး၊ ရပ်ရွာအကျိုးများကို မိမိတို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်နှင့် မိတ်ဖက် အဖွဲ့အစည်းအသီးသီးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် ပြည်သူလူထုကြီးအနေဖြင့် မိမိတို့နှင့်အတူ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြပါဟု ရှင်းလင်းတင်ပြသွားသည်။

ယင်းနောက် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဦးကျော်ရင်က စစ်တွေခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် ပြည်နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ပံ့ပိုးငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ စစ်တွေခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးထင်ကျော်က လက်ခံယူသည်။

ထို့နောက် ရခိုင်ပြည်နယ်စစ်တွေခရိုင် ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာ၌ ကျင်းပသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦးတို့၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ စစ်တွေခရိုင် မြေပုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်သိန်းက ထောက်ခံဆွေးနွေးတင်ပြရာ၌ ပြည်ထောင်စု တိုင်းရင်းသားအားလုံး တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တစ်သွေးတည်း၊ တစ်သားတည်း၊ တစည်းတလုံးတည်း ရပ်တည်တိုက်ပွဲဝင်ခဲ့ကြသည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်ကို နေ့ထူးနေ့မြတ်အဖြစ် ဂုဏ်ပြုပြီး ကိုယ်စားလှယ် ဦးအောင်မျိုးသန်းက တင်ပြသွားခဲ့ကြောင်း။

လေးလေးနက်နက်ထောက်ခံ

ပြည်ထောင်စုနေ့သည် မြန်မာတိုင်းရင်းသားထုတစ်ရပ်လုံး နှစ်စုံးစုံးနစ်ကာ ကျွန်လုံးလုံးဖြစ်ခဲ့ရာက လွတ်လပ်ရေးအရဏ်ဦးရောင်ခြည်ကို အားသစ်လောင်းပေးခဲ့သည့် သမိုင်းဝင်နေ့ထူးနေ့မြတ်လည်း ဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့၏ စွမ်းပကားကြောင့် ပြည်ထောင်စုစိတ်ဓာတ်ကို ရှင်သန်ဖွံ့ဖြိုးစေခဲ့ကြောင်း၊ နိုင်ငံတော်၏ လွတ်လပ်ရေးကို ဆောင်ကြဉ်းပေးနိုင်ခဲ့ကြောင်း၊ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်ကို မည်သူမှ မငြင်းနိုင်ကြကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်အခြေပြုလာခဲ့သည့် ပြည်ထောင်စုနေ့ကို နှစ်စဉ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တိုင်း ဂုဏ်ပြုလာခဲ့သည်မှာ ယခုနှစ်တွင် (၅၈)နှစ်မြောက် ပြည့်တော့မည်ဖြစ်ကြောင်း၊ ယင်းသို့ထူးခြားလေးနက်သည့် ဝိသေသများကို ဖော်ဆောင်နေသည့် ပြည်ထောင်စုနေ့ကြီးကို ဂုဏ်ပြုကြိုဆိုခြင်းအား ပြည်သူလူထုကြီး ကိုယ်စား လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်း။

ကမ္ဘာဦးလူတို့သည် နေနှင့်လကိုတောင့်တကြသကဲ့သို့ မြန်မာပြည်သူလူထုအားလုံးကလည်း တည်ငြိမ်အေးချမ်းခြင်းနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကိုလိုလားတောင့်တနေကြကြောင်း၊ နိုင်ငံတော်အစိုးရသည် တည်ငြိမ်အေးချမ်းခြင်းနှင့် အတူမြန်မာ့လူ့အဖွဲ့အစည်း၊ မြန်မာ့ရေမြေသဘာဝနှင့် ဆီလျော်စေမည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရှေးရှုချီတက်နေကြောင်း၊ ဤသို့ ချီတက်ဆောင်ရွက်ရာတွင် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

ထပ်ဆင့်ထောက်ခံ

မူဝါဒလမ်းစဉ်(၇)ရပ် အနက်အခြေခံအကျဆုံးနှင့် ပထမဆုံးဖြစ်သော အမျိုးသားညီလာခံကြီးကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ကျင်းပဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယင်းညီလာခံကြီးတွင် ပြည်သူလူထု အလွှာပေါင်းစုံကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သူများ ကိုယ်စားလှယ်အစုအဖွဲ့ စသည်ဖြင့် စုံစုံညီညီ တက်ရောက်ဆွေးနွေး နေကြခြင်းဖြစ်ကြောင်း၊ အမျိုးသား ညီလာခံကြီးက အနာဂတ်မြန်မာနိုင်ငံတော်အတွက် အလွန်အရေးပါသည့် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ယင်းအခြေခံရမည့်မူများနှင့်အညီ ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်လည်း ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ တစ်မျိုးသားလုံး၏ တည်ငြိမ်အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ချီတက်သွားမည့် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်ရေးသည် မိမိတို့ပြည်သူလူထုတစ်ရပ်လုံး၏ အသက်ဝိညာဉ်ပင်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကို ပျက်စီးရာ ပျက်စီးကြောင်း ဆင်ကြံကြံနေကြကြောင်း၊ အတွေးမှား၊ အမြင်မှားသူများက မည်ကဲ့သို့ ဖျက်ဖျက် မိမိတို့ပြည်သူလူထုအားလုံးက ပြည်သူ့စွမ်းအား စည်းလုံးမှုဖြင့် ကာကွယ်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားအားလုံးသည် ပြည်ထောင်စု စိတ်ဓာတ် လွှမ်းခြုံပြီး ၂၀၀၃ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှ အောက်တိုဘာ ၁၉ ရက်အတွင်း ပြည်နယ်နှင့်တိုင်းအနှံ့ နေရာဒေသ ၁၇ ခုတွင် လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားပြည်သူများ စုပေါင်းပြီး နိုဝင်ဘာ ၂၁ ရက်တွင် ပုဂံ ရေးဟောင်းယဉ်ကျေးမှု နယ်မြေ၌လည်းကောင်း၊ လူထုအစည်းအဝေးများကျင်းပပြီး မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကြေညာချက်ကို ထောက်ခံခဲ့ကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကျောက်တော်မြို့နယ်မှ ကိုယ်စားလှယ် ဦးသံချောင်းတင်ပြသွားသော ပြည်သူလူထုတစ်ရပ်လုံး၏ လိုအပ်ချက်၊ မျှော်လင့်ချက်များကို အကောင်အထည်ဖော်နေသည့် အမျိုးသားညီလာခံကြီးအား ကြိုဆိုဂုဏ်ပြုထောက်ခံသင့်ကြောင်း တင်ပြချက်အပေါ် ပြည်သူလူထုကြီး ကိုယ်စား မိမိ ဤနေရာက အလေးအနက် ထပ်ဆင့်ထောက်ခံအပ်ပါကြောင်း။

ဆက်လက်၍ စစ်တွေခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြချက်အပေါ် ထောက်ခံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် မြို့ပြများတွင်သာ မိုးပျံတိုက်များ တိုးတက်ဖွံ့ဖြိုးနေရုံဖြင့် မပြည့်စုံနိုင်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ လူအများစုနေထိုင်ရာ ကျေးလက်ဒေသများသည်လည်း မြို့ပြနှင့်ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်လိုအပ်ကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရသည် စတင် တာဝန်ယူစဉ်ကတည်းက ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် စွဲကိုင်ပြီး ဦးတည်ချက်(၁၂)ရပ် ချမှတ်လျက် ခေတ်မီပြီး တည်ငြိမ်အေးချမ်းသော လူမှုဘဝပတ်ဝန်းကျင်ကိုတည်ဆောက်ခဲ့ကြကြောင်း၊ တစ်ဆက်တည်းမှာပင် မြို့ပြနှင့် ကျေးလက်ကွာဟမှုများကို နည်းနိုင်သမျှ နည်းအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ပြီး စီမံကိန်းများ ရေးဆွဲဆောင်ရွက်နေကြောင်း၊ အဆိုရှင် ကိုယ်စားလှယ် ဒေါ်ဖုံမိုးနု တင်ပြခဲ့သော မိမိတို့ စစ်တွေခရိုင်အတွင်းတွင် နိုင်ငံတော်နှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မိတ်ဖက်လူမှုရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်မှုရလဒ်ကောင်းများအဖြစ် ပညာရေးမြှင့်တင်မှုနှင့် အထောက်အကူပြုလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ ကျေးလက်မီးလင်းရေးနှင့် ပညာရေးလုပ်ငန်းများ ပါမကျန် ဆောင်ရွက်ပေးခဲ့မှုများကို တွေ့ရှိရကြောင်း၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များသည်လည်း ကျေးလက်နေ ပြည်သူများ၏ လိုအပ်ချက်နှင့် တစ်ထပ်တည်းကျနေသည်ကို တွေ့ရှိရသည့်အတွက် အားရဖွယ်ကောင်းကြောင်းနှင့် ဝမ်းသာပီတိဖြစ်ရကြောင်း တင်ပြလိုကြောင်း၊ ထို့ကြောင့် အဆိုရှင် ကိုယ်စားလှယ် သုံးဦးတင်ပြသွားသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုခြင်း၊ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ရင်ထဲအသည်းထဲက လှိုက်လှိုက်လှဲလှဲ ထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

အတည်ပြုဆုံးဖြတ်

ဆက်လက်၍ သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားကိုရယူရာ ပြည်သူလူထုကြီးက တစ်ခဲနက်ဆန္ဒပြုကြသည့်အတွက် ပြည်ထောင်စုနေ့ကို ပြည်သူလူထုကြီးက ဂုဏ်ပြုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ပြည်သူလူထုကြီးက စောင့်ထိန်းမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကိုပြည်သူလူထုကြီးက ကြိုဆိုထောက်ခံကြောင်းနှင့် ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုဆိုကြောင်းတို့ကို ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာ လူထုအစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား ကျောင်းသူများက **'ရာသက်ပန် ပြည်ထောင်စု'** နှင့် **'ပြည်မြန်မာ'** သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြပြီး စစ်တွေခရိုင် ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာ၌ ကျင်းပသော ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို နံနက် ၉ နာရီ ၁၅ မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၄-၂-၂၀၀၅
(သောကြာနေ့)
နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ထောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	အကပြိုင်ပွဲ
၈:၀၅	၆။	ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၁၅	၇။	ကျင်းသာရေလှောင်တမံ
၈:၃၀	၈။	Inrarnational News.
၈:၄၅	၉။	English for Everyday Use
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	လက်ဆင့်ကမ်းပေးဂီတတေး
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၆:၅၅	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၀	၆။	တေးဂီတအစီအစဉ်
၁၇:၂၅	၇။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇:၃၅	၈။	(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၁၇:၄၅	၉။	နှောင်းခေတ်တေးပဒေသာ
၁၇:၅၅	၁၀။	**"ကောင်းခြင်းဝေဖြာ"** ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး (ဒါရိုက်တာ-ကိုအောင်မိုး) (ပဲရစ်)
၁၈:၁၀	၁၁။	Discovery
၁၈:၁၅	၁၂။	အမျိုးသားညီလာခံ ဂုဏ်ပြုတေး
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း-၄)
၁၉:၃၅	၁၆။	**(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်**
၁၉:၄၅	၁၇။	**ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်ခိုင်မာရန်မှာဒို့ဝန်တာ 'ဖွံ့ဖြိုးမှုစုံပေရာမည့်မြေ'**
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	မြန်မာဗီဒီယိုဇာတ်လမ်း **"ရှေးရေစက်နှင့်ရွှေဖူးစာ"** (အပိုင်း-၂) ဝေဠုကျော်၊ မေသဥ္ဇာဦး၊ မျိုးစန္ဒီကျော် (ဒါရိုက်တာ-မောင်နီလွင်၊ သပြု)
	၂၂။	နောက်တစ်နေ့အစီအစဉ်

အင်အားနည်းငလျင်လှုပ်

ရန်ကုန် ဖေဖော်ဝါရီ ၃

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ မြန်မာစံတော်ချိန် ၀၉နာရီ ၂၈မိနစ် ၂၅ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ တောင်ဘက် ၁၆မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၃ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိ သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

■ ကျောဖုံးမှ

သတ်မှတ်နေရာယူ

အခမ်းအနားမစတင်မီ နံနက် ၆နာရီမှစ၍ စုရပ်အသီးသီးမှ စစ်ကြောင်းများဖြင့် စုရုံးချီတက်ကြပြီး အခမ်းအနားကျင်းပသည့် အေးမြသာယာမြို့သစ် အားကစားကွင်းအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ထို့နောက် အခမ်းအနားကို နံနက် ၈နာရီခွဲတွင်စတင်ကျင်းပရာ သဘာပတိအဖြစ် ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ခင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အုတ်ဖိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှမြင့်ကြူ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မာချို၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေနှင့် အေးမြသာယာမြို့သစ်မှ ရပ်မိရပ်ဖ ဦးမောင်မောင်ငွေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အုတ်ဖိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ထိုက်ထိုက်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် အုတ်ဖိုမြို့နယ် မိုးညိုတန်းရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်စည်းရုံးရေးမှူး ဒေါ်စိုးစိုးကလည်းကောင်း ဆောင်ရွက်ကြသည်။

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အေးမြသာယာမြို့သစ် အားကစားကွင်း၌ ကျင်းပရာသဘာပတိ ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးဉာဏ်ခင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တစ်မျိုးသားလုံး၏ပူးပေါင်းပါဝင်မှု စွမ်းအားနှင့် ကြိုးပမ်းအကောင်အထည်ဖော် အမိနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိဖြစ်ထွန်းနေ

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်း ကြေညာပြီး အခမ်းအနား တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။ ဆက်လက်၍ မျိုးဆက်သစ် ကျောင်းသားကျောင်းသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များက **'ရာသက်ပန်ပြည်ထောင်စု'** သီချင်းနှင့် **'ပြည်မြန်မာ'**သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် သဘာပတိ ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ခင်က အမှာစကားပြောကြားရာတွင် ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားလူမျိုး ၁၀၀ကျော် အေးအတူ ပူအမျှ၊ ဥမကွဲသိုက်မပျက် နေထိုင်လာကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများ ဖြစ်ကြကြောင်း၊ ရှေးမြန်မာမင်းများလက်ထက် ခေတ်အဆက်ဆက်ကပင် ကချင်၊ကယား၊ ကရင်၊ချင်း၊ဗမာ၊ မွန်၊ရခိုင်၊ ရှမ်းအစရှိသည့် တိုင်းရင်းသားများသည်စည်းလုံးညီညွတ်မှု အင်အားဖြင့် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်ခဲ့ကြကြောင်း။

သမိုင်းသင်ခန်းစာရှိ

ကိုလိုနီနယ်ချဲ့ ဗြိတိသျှတို့၏ မတရားကျူးကျော်သိမ်းပိုက်မှုကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီး နှစ်ပေါင်း ၁၀၀ ကျော်ခန့် သူ့ကျွန်ဘဝဖြင့်နေခဲ့ကြရသည့်အတွက် ကိုလိုနီစနစ်ဆိုး၏ ခါးသီးသည့်ဒဏ်များကို ခံစားခဲ့ကြရသည့် သမိုင်းကြောင်းသင်ခန်းစာ ရှိခဲ့ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် လွတ်လပ်ရေးရရှိရန် ပြည်ထောင်စုတိုင်းရင်းသားများ စုစည်း ကြိုးပမ်းခဲ့ကြပြီး ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြသည့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် ရွေးချယ်သတ်မှတ်ပြီး နှစ်စဉ် ကျင်းပခဲ့ရာ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ရောက်ရှိပြီဖြစ်ကြောင်း။

ရရှိပြီးဖြစ်သည့် လွတ်လပ်ရေးကြီး မဆုံးရှုံးရအောင်၊ တိုင်းတစ်ပါးက မထိပါး မစော်ကားနိုင်အောင် နိုင်ငံတော်အင်အားရှိရန် လိုအပ်ကြောင်း၊ နိုင်ငံတွင် အင်အားရှိရန်အတွက် စည်းလုံးညီညွတ်မှုကိုအခြေခံပြီး အသိပညာ၊ အတတ်ပညာများ ထက်မြက်၊ သွက်လက်လျင်မြန်စွာ တိုးတက်နေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း အလေးအနက်ထား ပြောကြားအပ်ပါကြောင်း။

ထို့ကြောင့် သမိုင်းကြောင်း၏သင်ခန်းစာများကို အခြေခံပြီး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးဆိုသည့် ဒို့တာဝန် အရေးသုံးပါးကို လက်ကိုင်ပြု၍ ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်ရင်း ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့မှာ ကျရောက်မည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို လေးလေးနက်နက် ဂုဏ်ပြုလိုက်ရပါကြောင်း။

၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးခါစ မြန်မာနိုင်ငံအတွင်း၌ ကိုလိုနီစနစ်၏သွေးခွဲသပ်လျှိုခဲ့မှုကြောင့် တိုင်းရင်းသားအချင်းချင်း နားလည်မှု သဘောထားကွဲလွဲပြီး လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း။

ထိထိရောက်ရောက်ဆောင်ရွက်

တပ်မတော်အစိုးရက တာဝန်ယူပြီးသည့်နောက်ပိုင်း၌ ပြည်ထောင်စုတိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားကို ရှေးရှုပြီး ပူးပေါင်းဆောင်ရွက်ကြရန်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို လက်ကမ်း ကြိုဆိုခဲ့ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့တို့သည် တပ်မတော်အစိုးရနှင့်အတူ လက်တွဲလာခဲ့သဖြင့် တပ်မတော်အစိုးရသည် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားအတွက် လူနေမှုဘဝ မြင့်မားရန်၊ လူမှုစီးပွား မြင့်မားရန် ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိထိရောက်ရောက် လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ကိုလိုနီစရိုက်၏အမွေဆိုးကြောင့် ဖွံ့ဖြိုးရေးနောက်ကျခဲ့ရသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ကွက်ပြည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုသတ်မှတ်ကာ စီမံကိန်းများ ချမှတ် ဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို တိုင်းရင်းသားပြည်သူများ လက်တွေ့ကျကျ သိမြင်ခံစားနေကြရပြီဖြစ်ကြောင်း။

ခေတ်အဆက်ဆက်က ကိုလိုနီနယ်ချဲ့၏ပယောဂကြောင့် ခံစားခဲ့ကြရသည့် ခါးသီးသောအတွေ့အကြုံများကို တပ်မတော်အနေဖြင့် သမိုင်းပေးတာဝန်၊ အမျိုးသားရေးတာဝန်အဖြစ် ရဲရင့်ပြတ်သားစွာဖြင့် စွမ်းစွမ်းတမံ တာဝန်ယူဆောင်ရွက်ပေးခဲ့၍ ယခုကဲ့သို့ အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခြင်းဖြစ်သည်ဆိုသည်ကို တိုင်းရင်းသားပြည်သူများ သိရှိပြီးဖြစ်ကြောင်း။

ချမှတ်အကောင်အထည်ဖော်

တိုင်းရင်းသားပြည်သူအပေါင်း၏ လူနေမှုဘဝမြင့်မားဖို့ရန် အခြေခံဖြစ်သော ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်း

အမျိုးသားညီလာခံကို ကြိုဆို ထောက်ခံခြင်းနှင့် စပ်လျဉ်း၍ သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ကျော်ဦးက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပန်းဆက်သွယ်ရေးစသည်တို့ကို နိုင်ငံတော်အစီအစဉ်ဖြင့် စီမံကိန်းကြီးများ ချမှတ်အကောင်အထည်ဖော်ပေးနေခြင်းကိုလည်း အသိအမှတ်ပြုဂုဏ်ယူကြရမှာဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူအပေါင်းတို့သည်လည်း မိမိတို့လူမှုစီးပွားရေးဘဝ မြင့်မားရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အင်တိုက်အားတိုက်ပါဝင်ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ကမ္ဘာသိ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း။

၁၉၉၆ခုနှစ်က ယာယီအားဖြင့် ခေတ္တဆိုင်းငံ့ထားသည့် အမျိုးသားညီလာခံကြီးကို ၂၀၀၄ခုနှစ် မေလ ၁၇ ရက်နေ့တွင်ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းသည် မူဝါဒလမ်းစဉ်(၇)ရပ်ကို လက်တွေ့ကျကျဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ရေရှည်အကျိုးစီးပွား

မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကိုရေးဆွဲကြမှာဖြစ်ကြောင်း၊ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့မှာ ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံကြီးမှာဆိုလျှင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များစသည့် ကိုယ်စားလှယ်များ တက်ရောက်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ ရေရှည်အကျိုးစီးပွားကို ရှေးရှုသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲကြမည်ဖြစ်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးအတွက် တိုင်းရင်းသားပြည်သူအပေါင်းက ဘက်စုံထောင့်စုံ၊ ကဏ္ဍစုံဖြင့် ဖော်ဆောင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲ ဆောင်ရွက်နေကြသည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးကို မည်သည့်တိုင်းတစ်ပါး၊ မည်သည့် မီဒီယာများ၏ဖိအားပေးမှု၊ ဝေဖန်မှုတွေကိုမှ ဂရုမစိုက်ဘဲ၊ မိမိတို့ မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေး အကျိုးစီးပွားကို ရေရှည်ခိုင်မာစေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြိုဆိုထောက်ခံကြရမှာဖြစ်ကြောင်း။

အင်တိုက်အားတိုက်

အမိနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ကမ္ဘာတည်သရွေ့ အဓွန့်ရှည်အောင် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက်၊ နိုင်ငံတော်၏ဦးတည်ချက်(၁၂)ရပ်နှင့်အညီ ပြည်သူ့သဘောထား လေးရပ်ကို ကိုင်စွဲလျက် နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်ကြရာ၌ တိုင်းရင်းသားပြည်သူအပေါင်းက မိမိတို့ကျရာအခန်းကဏ္ဍမှ အင်တိုက်အားတိုက် ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးများတွင် တိုင်းရင်းသားပြည်သူအပေါင်းက အင်တိုက်အားတိုက်ပါဝင်ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ကျရောက်မည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို လေးလေးနက်နက်ဂုဏ်ပြုရင်း ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ပြန်လည်ကျင်းပသွားမည့် အမျိုးသားညီလာခံကြီးအောင်မြင်ရေးကို ဝမ်းပန်းတသာ ကြိုဆိုထောက်ခံ ဂုဏ်ပြုလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ ဂုဏ်ပြုတင်ပြခြင်းနှင့် စပ်လျဉ်း၍ သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွေးက တင်ပြရာတွင် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ပင်လုံမြို့တွင် ညီလာခံတစ်ရပ်ကျင်းပကာ တိုင်းရင်းသားညီအစ်ကိုများ တညီတညွတ်တည်းချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်ကြီးကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် သူ့ကျွန်အဖြစ်မှ လွတ်မြောက်ခဲ့ရကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပြသခဲ့သည့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ကိုဂုဏ်ပြုကာ ၎င်းနေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း။

အခြေခံအကျဆုံးစွမ်းအား

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားလူမျိုးပေါင်းစုံ ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းဖြစ်တည်နေသည့်ပြည်ထောင်စုကြီးဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် အခြေခံ

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွေးက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အကျဆုံးသော စွမ်းအားပင်ဖြစ်ကြောင်း၊ပြည်ထောင်စုကြီးသည် ပင်မ ပင်စည်ဖြစ်၍ ပြည်ထောင်စုတိုင်းရင်းသားများမှီတင်းနေထိုင်ကြသော ပြည်နယ်၊တိုင်းများသည် အကိုင်းအခက်များဖြစ်ကြပြီး ပြည်ထောင်စုစိတ်ဓာတ်သည် ရေသောက်မြစ်ကြီးပင်ဖြစ်ကြောင်း၊ သစ်တစ်ပင်ကောင်းက ငှက်တစ်သောင်း မှီခိုရာဖြစ်သကဲ့သို့ ပြည်ထောင်စုကြီးသည် ပြည်ထောင်စုသားအားလုံးအတွက် မှီခိုနားနေရာ အေးရိပ်သာကြီးဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး၏ အရိပ်ကို ခိုပြီး အခက်ကိုမချိုးဖျက်နိုင်အောင် စောင့်ရှောက်ကိုင်တွယ်ရန်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး၏ မွေးရာပါတာဝန်ကြီးပင်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့ကြီးသည် ထူးခြားသော ဝိသေသပေါင်းများစွာနှင့် ပြည့်စုံနေခြင်းကြောင့် ပြည်ထောင်စုနေ့ကြီးကို နိုင်ငံတစ်ဝန်းလုံးတွင် နှစ်စဉ်နှစ်တိုင်း ဂုဏ်ပြုကျင်းပခဲ့ကြောင်း။

ယခုနှစ် ၂၀၀၅ ခုနှစ်တွင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများ အတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသား အားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော ဦးတည်ချက်များဖြင့် နိုင်ငံအဝန်းကျင်းပသွားမည်ဖြစ်ကြောင်း။

အနှစ်သာရများဖြစ်

အထက်ဖော်ပြပါဦးတည်ချက်များသည် နိုင်ငံရေးအနှစ်သာရပြည့်စုံနေသည့်အပြင် နိုင်ငံတော်၏မူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်ထိန်းသိမ်းကာ တည်ငြိမ်အေးချမ်းရေးနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ကို နှောင့်ယှက်

စာမျက်နှာ ၁၃ ကော်လံ ၁

စာမျက်နှာ ၁၂ မှ

ဖျက်ဆီးနေကြသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားအန္တရာယ် ရန်စွယ်ဟူသမျှတို့ကို တိုင်းရင်းသားအားလုံး၏စည်းလုံးညီညွတ်မှုအင်အားဖြင့် ပြည်သူ့သဘောထား လေးရပ်နှင့်အညီ တွန်းလှန်ဖယ်ရှားပစ်ရေးသည် ပြည်ထောင်စုနေ့ကြီး၏ အနှစ်သာရများဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံ၏အတိတ်သမိုင်းကို ပြန်လည်လေ့လာရန် နိုင်ငံတော်တွင် စည်းလုံးညီညွတ်မှုအားလျော့နည်းခဲ့သည့်အချိန်တိုင်းတွင် တိုင်းတစ်ပါး၏ ကျူးကျော်သိမ်းပိုက်မှုကိုတွေ့ကြုံခဲ့ရ၍ အမြဲသတိထားရှိကြရန် လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

တိုင်းတစ်ပါး၏ ကျူးကျော်မှုကြောင့် ကိုလိုနီလက်အောက်ရောက်ခဲ့ရပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပြန်လည်ရရှိရေးအတွက် တိုင်းရင်းသားအားလုံးတို့၏ အသက်၊သွေး၊ချွေးပေါင်းများစွာ ရင်းနှီးပေးဆပ်ပြီးမှ လွတ်လပ်ရေးကို ရရှိခဲ့ကြရကြောင်း၊ ထို့ကြောင့် မိမိနိုင်ငံ၏ လွတ်လပ်ရေးကြီး ပြန်လည်မဆုံးရှုံးရလေအောင် တိုင်းရင်းသားအားလုံး၏ ရေပက်မဝင်နိုင်သော စည်းလုံးညီညွတ်မှုအားသည် အမြဲရှိနေကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဦးတည်ဆောင်ရွက်

ယနေ့နိုင်ငံတော်အစိုးရဖြစ်သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ချမှတ်ပြီးတိုင်းရင်းသားပြည်သူတစ်ရပ်လုံး အကျိုးရှေးရှု၍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် ဦးတည်ချက်(၁၂)ရပ်ချမှတ်ဆောင်ရွက်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်ကို ရောက်နေခြင်းမှာလည်း မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးကို ပထမဦးစားပေးအနေနှင့် ဖွံ့ဖြိုးရေးဒေသကြီး၂၄ခုသတ်မှတ်၍ ဆောင်ရွက်မှုအခြေအနေသည် အောင်မြင်စွာဖြစ်တည်နေသည်မှာ အားလုံးသိရှိပြီးဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ခိုင်ခိုင်မြဲမြဲ ဝိုင်းဝန်း လက်တွဲကြိုးပမ်းဆောင်ရွက်သွားရမည်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ သမိုင်းပေးတာဝန်၊ အမျိုးသားရေးတာဝန်ပင် ဖြစ်ကြောင်း၊ ယခုနှစ်ပြည်ထောင်စုနေ့၏ ဦးတည်ချက်များသည် ပြည်ထောင်စုကြီးအဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက်ချမှတ်ထားသည့်ဦးတည်ချက်များဖြစ်သည်နှင့်အညီ သမိုင်းအစဉ်အလာကြီးမားသည့် နေ့ထူးနေ့မြတ် ပြည်ထောင်စုနေ့ကြီးကို မိမိတို့ ပြည်သူလူထုအစည်းအဝေးကြီးက အလွန်တန်ဖိုးထားဂုဏ်ပြုပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ကျော်ဦးက တင်ပြရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ခေတ်မီဖွံ့ဖြိုးအေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် အစဉ်သဖြင့် ထည်ဝါခံ့ညားစွာ ရပ်တည်သွားနိုင်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ်ကို ထာဝရမွေးမြူ၍ အမျိုးသားနိုင်ငံရေး မူဝါဒလမ်းစဉ်များ အောင်မြင်ရေးကို ကျရာအခန်းကဏ္ဍမှ အင်တိုက်အားတိုက် တက်ကြွစွာ ပါဝင်ရေးသည် နိုင်ငံသားတိုင်း၏ ပဓာနကျသော အဓိကတာဝန်ပင်ဖြစ်ကြောင်း။

စွမ်းစွမ်းတမံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးဖြစ်တည်လာရေးအတွက် တိကျခိုင်မာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ပြီး အရှိန်အဟုန်ဖြင့် စွမ်းစွမ်းတမံကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်တွင်းရှိ အမျိုးသားရေး စွမ်းအားစုများ၏ စွမ်းပကားကိုအားပြု၍ တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှု စွမ်းအားနှင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သဖြင့် ယနေ့အချိန်အခါတွင် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း အမျိုးသားစည်းလုံးညီညွတ်မှု အခြေခံကောင်းများ၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ၊ လူမှုဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နည်းပညာဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများစသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်း၊ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်အတွက် အသက်ဝိညာဉ်ပမာ အရေးပါဆုံး သော့ချက်ဖြစ်သည့် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် ကြီးအဖြစ်တည်ဆောက်သွားနိုင်ရေးတို့အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့ပြီး ဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် နိုင်ငံတော်အတွက် သဘာဝကျသည့် အဆင့်မှန် လမ်းကြောင်းမှန်သည့် အမျိုးသားရေးမူဝါဒလမ်းစဉ်များပင် ဖြစ်ကြောင်း။

ဖော်ဆောင်ရန်လိုအပ်

ကမ္ဘာပေါ်တွင် အရှေ့နှင့်အနောက် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပထဝီအနေအထား၊ သမိုင်းနောက်ခံအနေအထား၊ လူမျိုး၊ ယဉ်ကျေးမှုဓလေ့ထုံးစံချင်း မတူညီကြောင်း၊ သို့ဖြစ်၍ နိုင်ငံတစ်နိုင်ငံ ဖွဲ့စည်းပုံဥပဒေရေးဆွဲရာတွင်လည်းကောင်း၊ ဒီမိုကရေစီစနစ် ကျင့်သုံးဖော်ဆောင်ရာတွင် လည်းကောင်း ပုံတူကူးချ၍ မရနိုင်ကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တစ်ထပ်တည်း တူညီနိုင်မည်မဟုတ်ကြောင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့၏ ဘာသာအယူအဆ၊ ယဉ်ကျေးမှုစရိုက်များပေါ်တွင် ယုတ္တိဗေဒကျကျ သုံးသပ်ရေးဆွဲ ကျင့်သုံးရမည်သာဖြစ်ရာ တိုင်းရင်းသား လူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်သည့် ပြည်ထောင်စု မြန်မာနိုင်ငံအနေဖြင့် မြန်မာ့ရေမြေ၊ ပထဝီအနေအထား၊ သမိုင်းနောက်ခံများနှင့် မြန်မာတို့၏ ယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် အညီ အံဝင်ခွင်ကျ ဆီလျော်မှုရှိမည့် ရေရှည်တည်တံ့ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ရောက်အောင် ဖော်ဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

အထူးသဖြင့် အတိတ်ကဖြစ်ရပ် ဖြစ်စဉ်များကို သင်ခန်းစာယူ၍ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲ သိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် ပြည်ထောင်စုကြီး၏ သမိုင်းကြောင်းအစဉ်အလာကို မထိခိုက်သော မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မထိပါးစေသော၊ အမျိုးသားရေး စရိုက်လက္ခဏာများကို မယိုယွင်းစေသော နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်တို့နှင့် ဆီလျော် ညီညွတ်သော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်းလာရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မည့် လုပ်ငန်းအဆင့်ဆင့်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲပါဝင်ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း။

ညှိနှိုင်းဆွေးနွေး

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်အဖြစ် ၁၉၉၆ ခုနှစ်မှစတင်၍ ယာယီအားဖြင့် ခေတ္တဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ၂၀၀၄ခုနှစ် မေလ ၁၇ ရက်နေ့တွင် ပြန်လည်စတင်ကျင်းပနိုင်ခဲ့ကြောင်း၊ အဆိုပါ ညီလာခံကြီးသို့ နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမျိုးများနှင့် တောင်သူလယ်သမား၊ အလုပ်သမား၊ နိုင်ငံ့ဝန်ထမ်း၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ အရွေးချယ်ခံ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များစသည့် ကိုယ်စားလှယ်များသည် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက်

သာယာဝတီခရိုင်အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသန့်ဇင်က ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

အခြေခံဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အခြေခံရမည့်မူများကို ချမှတ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတည်းဟူသော အမျိုးသားညီလာခံကြီး၏ ဦးတည်ချက်(၆)ရပ်နှင့်အညီ နိုင်ငံနှင့်တိုင်းရင်းသားပြည်သူအကျိုးကိုဦးတည်၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း။

တစ်ဆင့်ပြီးတစ်ဆင့်

ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးသော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

အတိတ်သမိုင်းကြောင်းကို သင်ခန်းစာယူ၍ ပြည်ထောင်စုမြန်မာနိုင်ငံသားတိုင်းရင်းသားပြည်သူတို့ရဲ့အကျိုးစီးပွားကိုရှေးရှုလျက် မိမိတို့ ရေမြေသဘာဝ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ကိုက်ညီသည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲနေကြမည့် အမျိုးသားညီလာခံကြီးကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ သာယာဝတီခရိုင်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များကို သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသန့်ဇင်က တင်ပြရာတွင်နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူနေမှုဘဝမြင့်မားရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ကို အခြေခံအဖြစ် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆောင်ရွက်နေသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တွင် ကျေးလက်ဒေသပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ ကျေးလက်ဒေသရေရရှိရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ဒေသမီးလင်းရေး တို့ဖြစ်ကြောင်း။

ပညာရေးကဏ္ဍမြင့်မားအောင်

ပညာရေးကဏ္ဍ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက် သာယာဝတီခရိုင်အတွင်း မြို့နယ်အသီးသီး၌ရှိသည့် ဒေသအသီးသီးမှ ကျောင်းနေရန် အခက်အခဲရှိသော ကလေးများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်သိန်း ၂၀ ထောက်ပံ့ကူညီပေးခြင်းဖြင့် ပညာရေးကဏ္ဍ မြင့်မားအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့အပြင် ပြုပြင်ရန်လိုအပ်သော စာသင်ကျောင်းအချို့ကို ပြုပြင်ဆောက်လုပ်ပေးရာတွင် ငွေကျပ် ၁၀သိန်းကျော် အကုန်အကျခံ၍ သာယာဝတီခရိုင်အတွင်း သာယာဝတီမြို့နယ်၌ ရှစ်ကျောင်း၊ မိုးညိုမြို့နယ်၌ နှစ်ကျောင်း၊ ကြို့ပင်ကောက်မြို့နယ်၌ နှစ်ကျောင်း စသည်ဖြင့် ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းသည်လည်း ပညာရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း။

ကျေးလက်ဒေသ ရေရရှိရေးအတွက် သာယာဝတီခရိုင်အတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ၂၀၀၄ ခုနှစ်အတွင်း ငွေကျပ် ၅၆ သိန်းကျော်အကုန်အကျခံ၍ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ သာယာဝတီမြို့နယ်တွင် လက်နှိပ်တုံကင် ကိုးတွင်း၊ လက်ပံတန်းမြို့ နယ်တွင် လက်နှိပ်တုံကင် ၁၁တွင်း၊ မင်းလှမြို့နယ်တွင်လက်နှိပ်တုံကင် လေးတွင်းနှင့် သောက်သုံးကန်တစ်ခု၊ မိုးညိုမြို့နယ်တွင် လက်နှိပ်တုံကင် ၁၃တွင်း၊ အုတ်ဖိုမြို့နယ်တွင် လက်နှိပ်တုံကင် ကိုးတွင်းနှင့် ရေတွင်း တစ်တွင်း ပြုပြင်ပေးခြင်း၊ ကြို့ပင်ကောက်မြို့နယ်တွင်လက်နှိပ် တုံကင် ၁၄တွင်းနှင့် စက်ရေတွင်းငါးတွင်း၊ အုတ်ရေကန် သုံးကန်၊ ဇီးကုန်းမြို့နယ်တွင် လက်နှိပ်တုံကင် နှစ်တွင်း၊ နတ်တလင်းမြို့နယ်တွင် စက်ရေတွင်း ခြောက်တွင်း စသည်ဖြင့် သာယာဝတီခရိုင်အတွင်းစုစုပေါင်း လက်နှိပ်တုံကင် ၆၂တွင်း၊ စက်ရေတွင်း ၁၁ တွင်း၊ ရေတွင်းတစ်တွင်း၊ အုတ်ရေကန် လေးကန် စသည်ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြင့် ဒေသပြည်သူအကျိုးကို ဆောင်ရွက်ပေးခဲ့ကြောင်း။

ရာသီမရွေးအလွယ်တကူသွားနိုင်

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် နိုင်ငံတော်အစီအစဉ်ဖြင့်ဆောင်ရွက်ခဲ့ကြရာ၌ နိုင်ငံတော်ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် သာယာဝတီခရိုင်အတွင်း ကျေးလက်ဒေသအားလုံး နွေမိုးဆောင်းရာသီမရွေး အလွယ်တကူသွားလာနိုင်ကြပြီဖြစ်၍ အသိအမြင်ဗဟုသုတများ ကျယ်ဝန်းနေကြရပြီဖြစ်ကြောင်း။

ကျေးလက်ဒေသမီးလင်းရေးအတွက် သာယာဝတီခရိုင်အတွင်း မြို့နယ်များအလိုက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်ခဲ့ကြရာ ၂၀၀၄ခုနှစ်အတွင်း သာယာဝတီမြို့နယ်တွင် ကျေးရွာနှစ်ရွာ၊လက်ပံတန်းမြို့နယ်၌ ကျေးရွာတစ်ရွာမင်းလှမြို့နယ်တွင် ကျေးရွာတစ်ရွာ၊ မိုးညိုမြို့နယ်တွင် ကျေးရွာနှစ်ရွာ၊ အုတ်ဖိုမြို့နယ်တွင် ကျေးရွာသုံးရွာ၊ ကြို့ပင်ကောက်မြို့နယ်တွင်ကျေးရွာသုံးရွာ၊ ဇီးကုန်းမြို့နယ်တွင် ကျေးရွာနှစ်ရွာ၊ နတ်တလင်းမြို့နယ်

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အုတ်ဖိုမြို့နယ် တိမ်မြုပ်ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်စည်းရုံးရေးမှူး ဦးလှဝင်းက ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

တွင် ကျေးရွာတစ်ရွာ စုစုပေါင်းကျေးရွာ ၁၅ရွာတွင် လျှပ်စစ်မီးများ ထိန်လင်းနေပြီဖြစ်ကြောင်း။

ထူးကဲသောအောင်မြင်မှု

ထူးခြားချက်အနေနှင့်တင်ပြလိုသည်မှာ မိမိတို့သာယာဝတီခရိုင်အတွင်း အုတ်ဖိုမြို့နယ် လင်းလွန်းပင်ကျေးရွာမှာ ၁၀ကီလိုဝပ်(KVA)ရေအားလျှပ်စစ်အသုံးပြုပြီး မီးလင်းပေးနိုင်ခြင်းကြောင့် ကျေးလက်နေပြည်သူများ အကုန်အကျစရိတ် သက်သာစွာဖြင့် ရေရှည်အသုံးပြုနိုင်သော ရင်းနှီးမြှုပ်နှံမှုပံ့ပိုးပေးနိုင်ခဲ့ခြင်းသည် ထူးကဲသော အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်းတင်ပြရင်း သာယာဝတီခရိုင်အတွင်း ဆောင်ရွက်ခဲ့သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများကို လှိုက်လှိုက်လှဲလှဲထောက်ခံပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အေးမြသာယာမြို့သစ်အားကစားကွင်း၌ ကျင်းပသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားတွင် ကိုယ်စားလှယ် သုံးဦး၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ အုတ်ဖိုမြို့နယ် တိမ်မြုပ်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်စည်းရုံးရေးမှူး ဦးလှဝင်းက ထောက်ခံဆွေးနွေးသည်။

အတည်ပြုဆုံးဖြတ်

ယင်းနောက် သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားကိုရယူရာ ပြည်သူလူထုကြီးက သဘောတူကြောင်း တစ်ခဲနက်ဆန္ဒပြုကြသည့်အတွက် ပြည်ထောင်စုနေ့ကို ပြည်သူလူထုကြီးက အလေးအနက်ဂုဏ်ပြုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ပြည်သူလူထုကြီးက စောင့်ထိန်းမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကို ပြည်သူလူထုကြီးက ကြိုဆိုထောက်ခံကြောင်းနှင့် ခရိုင်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထောက်ခံကြောင်းတို့ကို ပြည်သူလူထုအစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားအား ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် အသင်းဝင်အဆိုပြုလွှာအစောင် ၂၁၅၀၀ကို အုတ်ဖိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးနေဝင်းက ပေးအပ်ရာ သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ခင်လင်းက လက်ခံရယူသည်။ ဆက်လက်၍ သာယာဝတီခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ်၁၀သိန်းကို အုတ်ဖိုမြို့နယ် ဒေသခံ ရပ်မိရပ်ဖများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ပေးအပ်ပြီး သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဒေါ်ခင်ခင်လင်းက လက်ခံယူသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ပြီး အခမ်းအနားကို နံနက် ၉နာရီခွဲတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနား တောင်ငူခရိုင် တောင်ငူမြို့နယ် လဲဘူးစံပြကျေးရွာ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် တောင်ငူခရိုင် တောင်ငူမြို့နယ် လဲဘူးစံပြကျေးရွာ ကောင်းမှုတော်ဘုရားကွင်းပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းနှင့် အလုပ်မှုဆောင်များ၊ တောင်ငူခရိုင် အတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ဖြူး၊ ထန်းတပင်၊ ကျောက်ကြီးမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များနှင့် အသင်းဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ စုစုပေါင်း အင်အား ၄၀၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် တောင်ငူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင်ရိုန်က ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် တောင်ငူခရိုင် အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်ခင်လှမြင့်၊ တောင်ငူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ခင်လေးရီ၊ တောင်ငူခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်ဦးနှင့် တောင်ငူမြို့နယ်မှ မြို့မိ မြို့ဖ ဦးကိုကိုကြီးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် တောင်ငူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင် ဒေါ်နီနီမာနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် တောင်ငူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သိမ့်သိမ့်အောင်တို့က ဆောင်ရွက်ကြသည်။

အမှာစကားပြောကြား

ထို့နောက် အခမ်းအနားမှူးက အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ယင်းနောက် သဘာပတိ တောင်ငူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင်ရိုန်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ အုတ်တွင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထိုက်က ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ တောင်ငူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ထက်ရည်ဝင်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် တောင်ငူခရိုင် ခြောက်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ မူလတန်းကျောင်းများ ဥပဓိရုပ် ကောင်းမွန်ရေးအတွက် ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းများကို တောင်ငူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးဝင်းမြင့်က လွှဲပြောင်းပေးအပ်ရာ တောင်ငူခရိုင်ပညာရေးမှူး ဦးစံတင်ကလက်ခံရယူသည်။ ဆက်လက်၍ တောင်ငူခရိုင်အတွင်းရှိ ကျေးလက်ဒေသများအတွက် လှူဒါန်းထားသော လက်နှိပ်တုံကင်ရေတွင်းများ တူးဖော်ခြင်းမှတ်တမ်းကို ခရိုင်အလုပ်အမှုဆောင် ဦးဝင်းမြင့်က တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်အား ပေးအပ်ပြီး ခရိုင်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးနှင့် ကျေးလက်မီးလင်းရေး အတွက် ငွေကျပ်သိန်း၆၀ကို တောင်ငူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသက်တင်ထွန်းက ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဌေးအား ပေးအပ်သည်။

ထောက်ခံဆွေးနွေး

ယင်းနောက် တောင်ငူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သောင်းဌေးက ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသည်။

ထို့နောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း အခမ်းအနားနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ထောက်ခံခြင်း အဆိုများနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသော ပြည်သူလူထုက သဘောတူညီကြောင်း ဆန္ဒပြုကြသည့်အတွက် ပြည်ထောင်စုနေ့ကို ပြည်သူလူထုကြီးကအလေးအနက် ဂုဏ်ပြုကြောင်း၊ ဒို့တာဝန် အရေးသုံးပါးကို ပြည်သူလူထုကြီးက စောင့်ထိန်းမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံအား ပြည်သူလူထုကြီးက ကြိုဆိုထောက်ခံကြောင်းနှင့် ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြိုဆိုထောက်ခံကြောင်းတို့ကို အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ဂုဏ်ပြုသီဆို

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် တောင်ငူမြို့နယ် အထက(၂)မှ ကျောင်းသား ကျောင်းသူများက အသင်းကြီး၏ မူပိုင်သီချင်းဖြစ်သော **'ပြည်မြန်မာ'** သီချင်းနှင့် **'ရာသက်ပန်ပြည်ထောင်စု'** သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး အခမ်းအနားကို နံနက် ၈ နာရီခွဲတွင် အောင်မြင်စွာ ပြီးစီးသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလှူငွေပေးအပ်ပွဲအခမ်းအနားဖိတ်ကြားခြင်း

နှစ် (၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်နိုင်ပါရန် အလှူရှင်များအား ဖိတ်ကြားအပ်ပါသည်–

နေ့ရက် ။ ။**၁၀–၂–၂၀၀၅ (ကြာသပတေးနေ့)**

အချိန် ။ ။**၁၅:၃၀နာရီ**

နေရာ ။ ။**စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ ရွှေတိဂုံဘုရားလမ်း။**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ
ဖုန်း–၀၃၁–၂၅၁၇၈/၀၃၁–၂၅၄၆၉၊ ၀၉၈၀–၂၅၉၁၈။

ပြန်ကြားရေးဝန်ကြီးဌာန

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော စက္ကူနှင့်ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါစက္ကူနှင့် ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်–

(က) သတင်းစာစက္ကူ (၂၈ ၃/၄") (၃၀") (၃၄")

(ခ) Wipe On Aluminium Plate (745 x 635 x 0.24 mm)

(ဂ) Agfa Film

(ဃ) P/S Developer

(င) Rubber Blanket (676 x 545 x 1.95 mm) (765 x 780 x 1.95 mm) (675 x 645 x 1.95 mm)

၂။ တင်ဒါပေးသွင်းမှုကို ၁၁–၂–၂၀၀၅ရက် (၁၆:၃၀)နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် လမ်းခွကျေးရွာ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် လမ်းခွကျေးရွာ၌ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်တို့မှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ၊ အမှုဆောင်များနှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာနှင့် မြို့မိမြို့ဖများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ အင်အား ၇၀၀၀ ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာရဲဝင်းနိုင်နှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် မြစ်သားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဦးကျော်မြင့်၊ မြစ်သားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စိုးပိုင်၊ မြစ်သားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်တင့်နှင့် မြစ်သားမြို့မှ မြို့မိမြို့ဖ ဦးအောင်လင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် စဉ့်ကိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီဂီအောင်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် မြစ်သားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဒေါ်သူဇာတင်ကလည်းကောင်း ဆောင်ရွက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်း ကြေညာပြီး အခမ်းအနား တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။ ထို့နောက် သဘာပတိ ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာရဲဝင်းနိုင်က အမှာစကားပြောကြားသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ စဉ့်ကိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအေးကိုကလည်းကောင်း၊ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်သိန်းကလည်းကောင်း၊ ကျောက်ဆည်ခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သွယ်သွယ်ဝင်းကလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ဆောင်ရွက်မှုဖြင့် ၂၀၀၃–၂၀၀၄ပညာသင်နှစ်အတွင်း ကျောင်းဥပဓိရုပ် ကောင်းမွန်စေရန် ငွေကျပ် ၁၀၆ သိန်း အကုန်အကျခံတည်ဆောက်ပြီးစီးခဲ့သည့် မှတ်တမ်းများကို ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသန်းရွှေကပေးအပ်ရာ ကျောက်ဆည်ခရိုင် ပညာရေးမှူး ဦးဇော်ဝင်းက လက်ခံရယူသည်။ ဆက်လက်၍ ၂၀၀၃–၂၀၀၄ ခုနှစ် ကျေးရွာချင်းဆက်လမ်းပေါင်း ၃၅ လမ်း အရှည် ၆၉ ဒသမ ၈၈ မိုင်၊ ကျေးရွာရေကောင်းရေသန့်ရရှိရေးအတွက် စက်ရေတွင်း ၁၇ တွင်း၊ လက်နှိပ်တွင်း ၂၆ တွင်း တူးဖော်ဆောင်ရွက် ပြီးစီးခဲ့သည့် မှတ်တမ်းများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကျောက်ဆည်ခရိုင် တွဲဖက်အတွင်းရေးမှူး ဦးသန်းရွှေက ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော့ချမ်းမြင့်ထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ခရိုင်အတွင်း လေးမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများ ဆက်လက်တိုးချဲ့ပြင်ဆင်ရန် ငွေကျပ် ၁၇ သိန်းနှင့် ဇီဝဓာတ်ငွေ့ဖြင့် ကျေးလက်ဒေသမီးလင်းရေး ဆောင်ရွက်ရန် ငွေကျပ် ၁၀ သိန်းကို ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသန်းရွှေက ဆက်လက်ပေးအပ်ရာ မြစ်သားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ကြည်က လက်ခံရယူသည်။

ထောက်ခံဆွေးနွေး

ဆက်လက်၍ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် လမ်းခွကျေးရွာ၌ ကျင်းပသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ မြစ်သားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးညွန့်ဆွေက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် သဘာပတိက အခမ်းအနားသို့တက်ရောက်လာသည့် ပြည်သူလူထုကြီး၏ အတည်ပြုချက်ရယူပြီး အခမ်းအနားကို ကြွေးကြော်သံများဖြင့် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကွမ်းခြံကုန်းမြို့နယ်အသင်း နှစ်ပတ်လည်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ကွမ်းခြံကုန်းမြို့နယ် အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ အသက် ၇၅နှစ်အထက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ၊ ထူးချွန်သူပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲနှင့် မြို့ဖွံ့ဖြိုးရေး အလှူငွေ ပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေး ဘုရားလမ်း (ဗဟန်း–၃ လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။

(က–ပ)

ဖျာပုံမြို့နယ်တွင် ကျေးရွာ အမကကျောင်းဆောင်သစ်ဖွင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ဖျာပုံ ဇန်နဝါရီ ၂၉

ဖျာပုံမြို့နယ် ဂျိုဝါကျောက်ရဲကျေးရွာအုပ်စု ငါးအိမ်စုကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၅ရက်နံနက်၉နာရီက အဆိုပါကျောင်း၌ကျင်းပရာ ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ် တက်ရောက်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် လက်ထောက်တိုင်းပညာရေးမှူး ဦးရဲဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆွေးနွေးတင်ပြ

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားပြီး တိုင်းလက်ထောက်ပညာရေးမှူးဦးရဲဖေ၊ ခရိုင်ပညာရေးမှူး ဦးသိန်းစံအောင်နှင့် အလှူရှင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမြင့်စိုးတို့က ပညာရေးအခြေခံကောင်းများဖြစ်ထွန်းရေး ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ခရိုင်ပညာရေးမှူးက လက်ခံရယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဟိုပန်မြို့ အနော်ရထာလမ်းကတ္တရာခင်း ငွေကျပ် လေးသိန်းကျော် အကုန်အကျခံ ဆောင်ရွက်

ဟိုပန် ဇန်နဝါရီ ၁၀

ဟိုပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အနော်ရထာလမ်းအရှည်ပေ ၁၂၀၊ အကျယ် ၁၂ပေရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၀ရက်က အငယ်တန်းအင်ဂျင်နီယာ (၃) ကြီးကြပ်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဆန်းလှိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းဆိုင်ကော်မိန်းတို့က ကြီးကြပ်စစ်ဆေး ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ အနော်ရထာလမ်းကတ္တရာခင်းခြင်းလုပ်ငန်းအား ရန်ပုံငွေကျပ် ၄၃၈၀၀၀ဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကြီးကြပ်ဆောင်ရွက်

မိုင်းပေါ့မြို့တွင် မြို့တွင်းလမ်းများအား ကတ္တရာခင်းလျက်ရှိရာ အငယ်တန်း အင်ဂျင်နီယာ ဦးနေမျိုးဝင်းနှင့် အဖွဲ့ ဆောင်ရွက်မှုကို ခရိုင်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (က-ပ)

သာစည်မြို့နယ် ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်

သာစည် ဇန်နဝါရီ ၃၀

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်သူများနှင့် ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်သည့် မောင်းမဆည်-ထနောင်းကန် ကျေးရွာချင်းဆက်လမ်းမြေသားလမ်း အရှည်၃မိုင် ဖဖာလုံ၊ အကျယ် ၂၄ ပေအား လမ်းကြိတ်စက်ဖြင့် ကြိတ်နင်းနေမှုကို ဇန်နဝါရီ ၂၀ရက်က အမှုဆောင်အရာရှိ ဦးလှသောင်းက ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

ဆက်သွယ်သွားလာနိုင်

အဆိုပါလမ်းဖောက်လုပ်ပြီးစီးပါက ထနောင်းကန်ကျေးရွာနှင့် စမုံမြစ် အရှေ့ဘက်ကမ်းရှိ ကျေးရွာများမှ ကျေးလက်ပြည်သူများ အချိန်တိုတိုဖြင့် ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ပဲခူးမြို့နယ်တွင် ပညာပဒေသာ စာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ဟောပြော

ပဲခူး ဖေဖော်ဝါရီ ၁

ပဲခူးမြို့နယ် လေးအိမ်စုကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာပဒေသာ စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်ဝင်းနှင့် လေးအိမ်စုကျေးရွာ ဥက္ကဋ္ဌ ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ဟောပြောပွဲ အခမ်းအနားကျင်းပရာ ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်ရေရှည်တည်တံ့ရေးကို လည်းကောင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်လှိုင်နှင့် စာရေးဆရာ ဝေယံဟိန်းတို့က စာပေနှင့်စပ်လျဉ်း၍ လည်းကောင်း ဟောပြောကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ကျောက်ဆည်-သူငယ်တော်-ပနန်-ပန်းခွာလမ်း အမာခံ ဂျင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်

ကျောက်ဆည် ဇန်နဝါရီ ၂

စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ဆည်-သူငယ်တော်- ပနန်-ပန်းခွာလမ်း အရှည် ပေ ၈၆၀၀၊ အကျယ် ၁၂ ပေ အမာခံ ဂျင်းကျောက်လမ်းကို အဖွဲ့ရန်ပုံငွေကျပ် ၅၀၈၅၀၀၀ ဖြင့် ဆောင်ရွက်ခဲ့သည်။

အဆိုပါလမ်း ပြီးစီးမှုကြောင့် ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်သည့်အပြင် ကျေးလက်ဒေသ ထွက်ကုန်များကိုလည်း ကျောက်ဆည်မြို့ပေါ်သို့ အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်ပြီဖြစ်ကြောင်းသိရသည်။

(နယ်စပ်/စည်ပင်)

ရှင်းလင်းပြသ

ဇန်နဝါရီ ၁၀ ရက်က ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ကျောက်တိုင်လမ်းနှင့် ရုံးကြီးလမ်းဆုံ ကျောက်ရိုးစီကွန်ကရစ်ခင်း တံတား ဆောင်ရွက်မှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဗျားနီ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲမွန်က ရှင်းလင်းပြသစဉ်။

(နယ်စပ်/စည်ပင်)

မဟာသက်တော်ရှည်မြတ်စွာဘုရားစေတီ ဘက်စုံမွမ်းမံ

ရေနံချောင်း ဇန်နဝါရီ ၂၇

မကွေးတိုင်း ရေနံချောင်းမြို့ ဘေးမဲ့ဘုရားကုန်းရပ်ရှိ မဟာသက်တော်ရှည် မြတ်စွာဘုရားစေတီတော်**(အပေါ်ပုံ)** ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဥက္ကဋ္ဌဦးလှရွှေဦးဆောင်သော ဂေါပကအဖွဲ့က ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း၏ ၇၀ ရာခိုင်နှုန်း ပြီးမြောက်ပြီဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ သဒ္ဓါကြည်လင် ပါရမီရှင်များ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ကျောင်းကုန်းမြို့နယ်ရှိ ကျောင်းများအတွက် စာအုပ်များနှင့် အာဟာရမုန့်မျိုးစုံလှူဒါန်း

ကျောင်းကုန်း ဇန်နဝါရီ ၂၅

အခြေခံပညာမူလတန်းကျောင်း ခုနစ်ကျောင်းနှင့် အခြေခံပညာမူလတန်းလွန်ကျောင်းတစ်ကျောင်းတို့အတွက် စာအုပ်များနှင့် အာဟာရမုန့်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၆ရက် မွန်းလွဲ ၁နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဏိရတနာကျောင်းတိုက် ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော်ဘဒ္ဒန္တ မာဃိန္ဒက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းမြွက်ကြားပြီး စာသင်ကျောင်းတစ်ကျောင်းလျှင် ကျပ်၁၀၀၀၀နှုန်းဖြင့် ကျောင်းရှစ်ကျောင်းအတွက် ကျပ် ၈၀၀၀၀အား လည်းကောင်း၊ ဗလာစာအုပ်ဒါဇင်၂၀၊ သကြားလုံးအထုပ်၈၀၊ အာဟာရ ၁၆ဘူး၊ အချိုရည် ငါးဘူး၊ အာဟာရမုန့်ထုပ်များစုစုပေါင်း ကာလတန်ဖိုးကျပ်၂၈၆၉၂၀အား လှူဒါန်းရာ ဆရာတော်ကိုယ်စား မြို့နယ်ဥက္ကဋ္ဌ ဦးကြည်စိန်က ကျောင်းရှစ်ကျောင်းမှ ဆရာကြီး၊ ဆရာမကြီးများအား ပေးအပ်သည်။ **(ယာပုံ)** **(၂၆၅)**

မြောင်းမြမြို့ ပရိယတ္တိစွမ်းအားစာသင်တိုက်မှ တိုက်အုပ်စာချဆရာတော် အရှင်သုရပ္ပတ်ဦးဆောင်၍ အိမ်မဲမြို့နယ်ကျုံစိန်ကျေးရွာအုပ်စု ဝဇီရာရာမကျောင်းတိုက်အတွင်း ဇန်နဝါရီ ၂၃ရက်က ကျင်းပသော မင်္ဂလာဗုဒ္ဓဝင်စာအောင်ဆုနှင့် ပညာရည်ချွန်ဆု ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားတွင် ၂၀၀၂-၂၀၀၃ပညာသင်နှစ်၌ ငါးဘာသာဂုဏ်ထူးရှင် မိုလ်လောင်းသီဟစိုး(တပ်မတော်ဆေးတက္ကသိုလ်)အား ကျုံစိန်ကျေးရွာဥက္ကဋ္ဌဦးပန်းမွှေးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်စီမံအုပ်ချုပ်မှု မဟာနာယက အကျိုးတော်ဆောင် ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ အရှင်သူမြတ်သည် စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် ကံသစ်စံပြကျေးရွာ သာသနာလင်္ကာရ ကံသစ် အလယ်ကျောင်းတိုက်၌ ရွှေဘုန်းပွင့်ဆုတောင်းပြည့်စေတီ ဗုဒ္ဓပူဇာပွဲနှင့် ပဋ္ဌမအကြိမ် အသံမစဲ မဟာပဋ္ဌာန်း ပူဇော်ပွဲအကြိုဓမ္မသဘင်အဖြစ် ၁၃၆၆ခုနှစ် တပို့တွဲလဆန်း ၁၀ရက်(ဖေဖော်ဝါရီ ၁၈ရက်) ညနေ ၆နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ညောင်တုန်းမြို့နယ် ချောင်းကြီး-ကျောက်ပျဉ်အိုင်ကျေးလက်လမ်း ကျောက်ချောခင်း

ကျေးလက်ပြည်သူများ သွားလာမှုအဆင်ပြေမည်

ညောင်တုန်း ဖေဖော်ဝါရီ ၁

ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ချောင်းကြီး-ကျောက်ပျဉ်အိုင်ကျေးလက်လမ်း ကျောက်ချောခင်းခြင်းကို ဇန်နဝါရီ ၁၈ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးကြသည်။

ထို့နောက် ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမိုးထိုက်တို့က နိုင်ငံတော် ထောက်ပံ့ငွေ ၆၁ဒသမ၅ သိန်းဖြင့် ချောင်းကြီး-ကျောက်ပျဉ်အိုင်ကျေးလက်လမ်းကို အကျယ် ၁၀ပေ၊ အရှည်ပေ ၃၃၀၀ ကျောက်ချောလမ်းခင်းရန် အတွက် လမ်းမြေသားပြုပြင်ပြီးစီးမှု၊ လမ်းပေါ်အရောက် လမ်းခင်းကျောက်များ စုဆောင်းမှု၊ လမ်းခင်းကျောက်များ ထုခွဲမှုနှင့် ကျောက်ချောလမ်း ခင်းရန်အသင့်ပြင်ဆင်ထားမှု အခြေအနေများကို ရှင်းလင်းပြသရာ တိုင်းညွှန်ကြားရေးမှူး ဦးစိုးတင့်က ကျေးလက်လမ်းများ ပြီးစီးစေရေးအတွက် ဆောင်ရွက်ရန် မှာကြားသည်။**(အပေါ်ပုံ)**

လွယ်ကူအဆင်ပြေ

အဆိုပါ ချောင်းကြီး-ကျောက်ပျဉ်အိုင် ကျေးလက်လမ်းမှာ ချောင်းကြီး ကျေးရွာအုပ်စုမှ ကျေးရွာများနှင့် ရန်ကုန်-မအူပင်ကားလမ်းနှင့် ဆက်သွယ်မည့် ကျေးလက်လမ်းဖြစ်ရာ ပြည်သူများသွားလာမှု လွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ **(၀၉၈)**

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ညောင်ကိုင်းတိုက်နယ်ဆေးရုံနှင့် စာသင်ကျောင်းသွားလမ်း ကျောက်ချောခင်းခြင်းနှင့် လမ်းကြိတ်စက်ကြိတ်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၂ရက်က လက်ထောက်အင်ဂျင်နီယာဦးမင်းဆွေနှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သာသနနုဂ္ဂဟစာမေးပွဲအောင်သံဃာတော်နှင့်သီလရှင်များ ဂုဏ်ပြုဆုချီးမြှင့်

စူဠဘွဲ့နှင်း၊ ပညာရေးငွေပဒေသာပင်စိုက်ထူ

ကျောက်ပန်းတောင်း ဇန်နဝါရီ ၃၁

ကျောက်ပန်းတောင်းမြို့ မဟာအောင်မြေရတနာ စာသင်တိုက်၏ အကြိမ်(၃၀)မြောက် အစိုးရပါဠိ ပထမပြန်နှင့် တိုက်တွင်းသာသနနုဂ္ဂဟစာမေးပွဲတို့တွင် အောင်မြင်တော်မူသော စာအောင်သံဃာတော်ရှင်မြတ်များနှင့် သီလရှင်များအား စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၂၄ရက်က အောင်မြေဗောဓိဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံမြို့ ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ပညာရေးငွေပဒေသာပင် စိုက်ထူကြသော အလှူရှင်များအား တိုက်အုပ်ဆရာတော်က ဂုဏ်ပြုလွှာများကို ပေးအပ်ကာ စာအောင်သံဃာတော် ပထမကြီးတန်း တစ်ပါး၊ ပထမလတ် တန်း ရှစ်ပါး၊ ပထမငယ်တန်း ၁၅ပါး နှင့် အခြေပြုမူလတန်းအောင် ၁၉ပါးတို့ကို စာသင်တိုက် ဂေါပကအဖွဲ့ဝင်များနှင့်အလှူရှင်များက စာအောင်ဆုနှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြသည်။ **(၀၆၁)**

ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာအုပ်စုတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇန်နဝါရီ ၂၇ရက်က ဇင်းကျိုက်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ မွန်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးသောင်းရွှေက နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (မြို့နယ်/လဝက)

မြန်မာ့အသံ

၅-၂-၂၀၀၅(စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၅ အာယုနှင့် သာဓုဆွေးနွေးခန်း
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (ဇော်ကြိမ်အချောထည်လုပ်ငန်း)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
(၁)လက်ချင်းယှက်ထား ညီနောင်များ(ခေါင်းကြီး)
(၂)ပြည်ထောင်ပန်းတို့လန်းရာမြေ (ဆောင်းပါးသရုပ်ဖော်)
၁၂း၀၀ တစ်ပတ်အတွင်းနိုင်ငံ့တကာသတင်းများ
၁၂း၁၀ ကလေးများအတွက် အင်္ဂလိပ်စာ
၁၃း၁၀ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ရူပဗေဒ)

ညနေပိုင်း

၁၇း၀၀ ဟောပြောချက်(တိုးတက်စည်ပင် ပြည်ထောင်စုတစ်ခွင်) (မွန်ပြည်နယ်)
၁၇း၃၀ တစ်ပတ်အတွင်းနိုင်ငံ့တကာသတင်း
၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (နေ့စဉ်ကျန်းမာရေးလေ့ကျင့်ခန်း၏ အကျိုးကျေးဇူး)
၁၈း၁၅ ဆွေးနွေးခန်း (မွန်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ဆောင်ရွက်မှုများ)
၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉း၁၅ (Heart တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သောကမ်းစပ်ကခြေရာများ(၁) တေးစီးရီး)
၂၀း၃၀ English Lesson Working Knowledge
၂၀း၄၅ တေးသံစုံ(မြန်မာ့အသံအဖွဲ့)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ရခိုင်ပြည်နယ် စစ်တွေခရိုင် ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာ၌ ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သီရိလင်္ကာလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မဟင်ဒါရာဂျာပက်ခ်စီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းသည် စစ်မှန်သောဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးဖြစ် အနှောင့်အယှက်အဟန့်အတားများကို ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ဖြင့်ကျော်လွှား စစ်မှန်သောဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေး တက်တက်ကြွကြွအင်တိုက်အားတိုက်ပါဝင်

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေခရိုင် ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာ၌ကျင်းပရာ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဦးကျော်ရင်နှင့် ပြည်နယ် အလုပ်အမှုဆောင်များ၊ စစ်တွေခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းဝင်းနှင့် ခရိုင်အလုပ်အမှုဆောင်များ၊ စစ်တွေခရိုင်အတွင်းရှိ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ရသေ့တောင်နှင့် ပေါက်တောမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် အသင်းဝင်များ၊ ကျောက်တော်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ၊ အမှုဆောင်များနှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဒေသခံပြည်သူများ အင်အား ၄၀၀၀ ကျော်တို့ အင်တိုက်အားတိုက် တက်ရောက်ကြသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ●

ဖေဖော်ဝါရီ ၃ ရက်က ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ပဲခူးတိုင်း တောင်ငူခရိုင် လဲဘူးကျေးရွာ၌ ကျင်းပစဉ်။ (သတင်း-၁၄) (သတင်းစဉ်)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနား စစ်တွေခရိုင် ကျောက်တော်မြို့နယ် သရက်တပင် ကျေးရွာ၌ကျင်းပ

သမိုင်းကြောင်းသင်ခန်းစာများအခြေခံ နိုင်ငံတော်သစ်တည်ဆောက် ဒို့တာဝန်အရေးသုံးပါးလက်ကိုင်ပြု ကျရာအခန်းကဏ္ဍမှပါဝင် အမျိုးသားညီလာခံကြီးအောင်မြင်ရေးဝမ်းပန်းတသာကြိုဆိုထောက်ခံ

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းအခမ်းအနား ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အေးမြသာယာမြို့သစ်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အေးမြသာယာမြို့သစ် အားကစားကွင်း၌ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အား ၃၁၀၀ ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး